# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်

**နေပြည်တော် မတ် ၃**

၁။ လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် လောင်စာဆီတင်သွင်းသည့်သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရာ ရေလမ်းကြောင်းတစ်လျှောက်တွင် အတားအဆီး၊ အဟန့်အတားပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ အထက်ပါအခြေအနေများကြောင့် စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်မှစတင်၍ ပုဂ္ဂလိကယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များသည် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မောင်းနှင်အသုံးပြုရန် ဖြစ်ပါသည်-

(က) လစဉ် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသောယာဉ်များ (ဥပမာ- 2A/----၊ 4A/---- စသည်ဖြင့်)၊ "မ" ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များ (ဥပမာ-1A/----၊ 3A/---- စသည်ဖြင့်) စသည့် ပုဂ္ဂလိကပိုင်ယာဉ်များသာ မောင်းနှင်အသုံးပြုရန်ဖြစ်ပါသည်။ **(EV မော်တော်ယာဉ်/EV မော်တော်ဆိုင်ကယ်များ နေ့စဉ်မောင်းနှင်နိုင်သည်။)**

(ခ) နေ့စဉ် အများပြည်သူသယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ၊ အငှားယာဉ်များ (Taxi)၊ စက်သုံးဆီသယ်ယူပို့ဆောင်သည့်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ လူနာတင်ယာဉ်/နိဗ္ဗာန်ယာဉ်များနှင့် စည်ပင်အမှိုက်သိမ်းယာဉ်များ အသုံးပြုနိုင်သည်။

(ဂ) စက်သုံးဆီလုပ်ငန်းရှင်များသာမက အများပြည်သူအနေဖြင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့်ဈေးနှုန်းမြှင့်တင်၍ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ပါစည်းကမ်းသတ်မှတ်ချက်များသည် ထပ်မံ၍ တစ်စုံတစ်ရာ ထုတ်ပြန်မှုမရှိသည့်အချိန်အထိ အတည်ဖြစ်ကြောင်းနှင့် အဆိုပါစည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ



နွေနှမ်းစိုက်တောင်သူများအတွက် အိုင်းမရေလွှဲဆည်မှ စိုက်ပျိုးရေများ ပေးဝေနေမှုကို တွေ့ရစဉ်။

## နွေနှမ်းဧက ၁၇၀၀၀ ကျော် စိုက်ပျိုးရန်အတွက် အိုင်းမရေလွှဲဆည်မှ ရေစတင်ပေးဝေ

**မင်းဘူး မတ် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေနှမ်း ဧကပေါင်း ၁၇၁၃၅ ဧက စိုက်ပျိုးနိုင်ရေးအတွက် မတ် ၁ ရက်မှ စတင်၍ အိုင်းမဆည်ရေ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် စိုက်ပျိုးရာသီအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်အောက်ရှိ အိုင်းမရေလွှဲဆည်သည် မင်းဘူး(စကု)မြို့နယ်မှ တောင်သူများအတွက် နွေသီးနှံအပါအဝင် ရာသီအလိုက် ရေဖြန့်ဝေပေးလျက် ရှိသောကြောင့် ရေးယခင်တည်းက တောင်သူအကျိုးပြု အားကိုးအားထားရသော အဓိကဆည်ကြီးတစ်ခုဖြစ်သည်။

အိုင်းမရေလွှဲဆည်မှ ဆည်ရေဖြင့် စိုက်ပျိုးရေများကို မင်းဘူး(စကု)မြို့နယ်မှ ဒေသခံတောင်သူများအတွက် နွေနှင့် မိုးသီးနှံများစိုက်ပျိုးချိန် ရာသီအလိုက် ဖြန့်ဝေပေးလျက်ရှိပြီး အိုင်းမဆည်ရေသောက်

*စာမျက်နှာ ၅ ကော်လံ ၁ ✻*

**ယနေ့ ဖတ်စရာ**


**တစ်ဦးမှသည် တစ်ဖွဲ့ချင်း အများပြင် အမြင်မှန်၍ အပူကို ငြိမ်းစေသူများ**

ဆောင်းပါး | စာ ၆

**ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် တိုးလာ**

နိုင်ငံတကာသတင်း | စာ ၁၄

**၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

ပြည်တွင်းသတင်း | စာ ၁၅

# သတိပြု၍ ကြိုတင်ကာကွယ် ခွေးရူးပြန်ရောဂါ အန္တရာယ်

ခွေးရူးပြန်ရောဂါသည် ရာခိုင်နှုန်းပြည့်ကာကွယ်နိုင်သည့် ရောဂါဖြစ်သော်လည်း ပေါ့ဆမှုကြောင့် ရောဂါကူးစက်ခံရပြီး ခွေးရူးရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်လာပြီဆိုပါက ကုသ၍ မရနိုင်တော့ဘဲ ရာခိုင်နှုန်းပြည့်သေဆုံးနိုင်သည့်ရောဂါဖြစ်သည်။ လူတွင် ခွေးရူးပြန်ရောဂါပိုးကူးစက်ခံရခြင်းသည် အဆိုပါရောဂါပိုးရှိနေသည့် ခွေး၊ ကြောင် စသည့်တိရစ္ဆာန်များ ကုတ်ခံရခြင်း၊ ကိုက်ခံရခြင်း၊ ၎င်းတို့၏ သွားရည်နှင့် မိမိတွင်ရှိသည့် အနာ၊ ဒဏ်ရာများကို ထိမိခြင်း၊ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူထံမှရရှိသည့် ခန္ဓာကိုယ် အစိတ်အပိုင်းများဖြင့် အစားထိုးကုသမှုခံယူခြင်း စသည်တို့ကြောင့် ဖြစ်နိုင်သည်။

ရှေးအခါက ခွေးရူးပြန်ရောဂါသည် ကမ္ဘာအနှံ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း မျက်မှောက်ကာလတွင်မူ အာဖရိကနှင့်အာရှတိုက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကအားဖြင့် ဖြစ်ပွားနေခြင်းဖြစ်သည်ဟု သိရသည်။ ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ခွေးရူးပြန်ရောဂါဆိုင်ရာ အသိပညာဗဟုသုတနည်းပါးခြင်းနှင့် ကာကွယ်ဆေးထိုးနှံနိုင်သည့် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ဖြစ်သည်ဟုဆိုသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများမှာ အဆိုပါအကြောင်းရင်းနှစ်ရပ်ကြောင့် ခွေးရူးပြန်ရောဂါဖြစ်ပွားမှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်အထိရှိနေသည်။ မြန်မာနိုင်ငံတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားခြင်းသည် လေလွင့်ခွေးများ အကိုက်ခံရခြင်းကြောင့် အများဆုံးဖြစ်ရာ ခွေးကောင်ရေတိုးပွားမလာအောင် ထိန်းချုပ်ရေးနှင့် ခွေးရူးရောဂါကာကွယ်ဆေးများထိုးနှံမှု လွှမ်းခြုံနိုင်ရေးတို့မှာလည်း အရေးပါသည့်လုပ်ငန်းများဖြစ်သည်။ ခွေးရူးပြန်ရောဂါသည် ရာနှုန်းပြည့် ကာကွယ်နိုင်သည့်ရောဂါဖြစ်သည့်အလျောက် အိမ်မွေးခွေး၊ ကြောင်စသည့် တိရစ္ဆာန်များအား ခွေးရူးပြန်ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးခြင်း၊ ခွေး၊ ကြောင်တိရစ္ဆာန်များနှင့် ထိတွေ့ကိုင်တွယ်နေသူများအား ခွေးရူးပြန်ကာကွယ်ဆေး ကြိုတင်ထိုးနှံပေးခြင်းနှင့်လိုအပ်ပါက ထပ်မံထိုးနှံခြင်းအားဖြင့် တိရစ္ဆာန်ရော လူကိုပါ ကာကွယ်ကြရမည်ဖြစ်သည်။

အိမ်မွေးခွေး၊ ကြောင်များတွင် ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်တစ်ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊ အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊ မိမိအိမ် သို့မဟုတ် ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ ခွေးရူးရောဂါ အတည်ပြု ခွေးကောင်ရေတိုးတက်များပြားလာကြောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ဆေးရုံဆေးခန်းများ၏ တရားဝင်သတင်းပို့ စာရင်းများအရ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း ခွေးရူးပြန်ရောဂါနှင့် သေဆုံးသူ ၁၁၃ ဦးရှိခဲ့ရာ ယခင်နှစ်များထက် ပိုမိုများပြားလာခြင်းကြောင့် ပြည်သူတစ်ရပ်လုံး ခွေးရူးရောဂါကို သတိပြုကာကွယ်ကြရန်လည်း မွေး/ကုပညာရှင်တစ်ဦးက သတိပေးထားသည်ကို တွေ့ရသည်။ ခွေး၊ ကြောင်ကိုက်ခံရခြင်း၊ ကုတ်ခြစ်ဒဏ်ရာရခြင်းတို့တွင် ဒဏ်ရာသေးငယ်စေကာမူ မပေါ့ဆသင့်ဘဲ ခွေးရူးပြန်ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ အကိုက်ခံရသည့် ဒဏ်ရာကို ရေနှင့်ဆပ်ပြာတို့ဖြင့် အနည်းဆုံး ၁၅ မိနစ်ဆေးရန်၊ အနာကို အရက်ပြန် သို့မဟုတ် ဘီတာဒင်းကဲ့သို့ ပိုးသန့်စင်ဆေးရည် ထည့်ရန်၊ ဦးခေါင်း၊ လည်ပင်းနှင့် လက်ချောင်းထိပ်တို့တွင် အကိုက်ခံရပါက ပိုမိုဂရုစိုက်၍ အရေးပေါ်ချက်ချင်းကုသမှုခံယူရန်၊ ခွေးရူးပြန်ရောဂါမဖြစ်စေရန် တစ်ခုတည်းသော ကာကွယ်ရန်နည်းလမ်းဖြစ်သည့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို အမြန်ဆုံးနှင့် အကြိမ်ပြည့် ထိုးနှံရန် (ခွေးရူးပြန် ပိုးသတ်ဆေး – Anti rabies serum ထိုးနိုင်ပါက ပို၍ကောင်းပါသည်။)၊ ခွေးကိုက်ခံရပါက နီးစပ်ရာဆေးရုံသို့ အမြန်ဆုံး သွားရောက်ကုသမှုခံယူရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသိပညာပေးထားသည်။

အထူးသတိပြုရန် လိုအပ်သည်မှာ ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို အချိန်မီထိုးရန် လိုအပ်ခြင်းကြောင့် အချိန်မဖြုန်းမိကြရန်ပင်ဖြစ်သည်။ လူပြောသူပြော ဆေးမြီးတိုများ၊ ဂါထာမန္တရား မန်းမှုတ်ခြင်းများကို ရှောင်ကြဉ်ကြပြီး တစ်ခုတည်းသော ကာကွယ်နည်းဖြစ်သည့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို နီးစပ်ရာဆေးရုံဆေးခန်း၌ အမြန်ဆုံးထိုးနှံကာကွယ်ကြခြင်းဖြင့် ခွေးရူးပြန်ရောဂါဘေးကင်းဝေးကြပါစေကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

**၃ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄ - ၃ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၁၅ | ၂၅၃၀ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၇၀ | ၂၄၉၀ | ၄၅၀၅ | ၂၇၈၀ | ၂၅၀၅ | ၂၆၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၅ | ၂၈၂၀ |
| 95 Ron | ၂၄၈၀ | ၂၅၉၀ | ၂၅၆၀ | ၂၄၉၅ | ၂၆၀၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၅၀ | ၄၅၆၀ | ၂၈၄၅ | ၂၅၆၅ | ၂၇၃၀ | ၂၆၄၀ | ၂၆၁၅ | ၂၆၂၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၀၀ | ၂၆၄၅ | ၂၅၀၀ | ၂၆၀၅ | ၂၇၀၀ | ၂၇၂၀ | ၂၆၃၅ | - | ၂၉၃၀ | ၂၆၅၅ | ၃၀၃၅ | ၂၇၂၅ | ၂၆၉၀ | ၂၇၀၀ | ၂၉၇၀ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၀ | ၂၉၁၅ | ၄၈၃၀ | ၃၂၀၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၀ | ၂၉၁၅ | - | ၃၂၀၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၃ | ၂၃၄၂ |
| 95 Ron | ၂၃၂၃ | ၂၄၀၃ |
| HSD (500 ppm) | ၂၄၀၈ | ၂၄၈၆ |
| HSD (50 ppm) | ၂၆၇၉ | ၂၇၆၂ |
| HSD (10 ppm) | ၂၆၇၉ | ၂၇၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
ဒုတိယစာတည်းမှူးချုပ် - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဌေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ “Sberbank” ၏ အိန္ဒိယဘဏ်ခွဲမှ ဒုတိယမန်နေဂျင်းဒါရိုက်တာ မစ္စတာ အန်ဒရီ အာနီစီမော့စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ငွေကြေးလွှဲပြောင်းမှုနည်းလမ်းများနှင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ် ဆွေးနွေး


**နေပြည်တော် မတ် ၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ “Sberbank” ၏ အိန္ဒိယဘဏ်ခွဲမှ ဒုတိယမန်နေဂျင်းဒါရိုက်တာ မစ္စတာ အန်ဒရီ အာနီစီမော့စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှုများအတွက် ငွေပေးချေမှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ငွေကြေးလွှဲပြောင်းမှုနည်းလမ်းများ နှင့် ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# တတိယအကြိမ် ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃**

တတိယအကြိမ် ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။



### ပြည့်စုံအောင်စီစဉ်ဆောင်ရွက်ပေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်ရာတွင် ကျန်းမာရေးကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုချင်းစီအတွက် လစ်ဟင်းမှုမရှိစေရေး ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များ၊ ဦးစီးဌာနများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ တာဝန်ချထားမည့် ဆေးအဖွဲ့များအနေဖြင့် အရေးပေါ်ကျန်းမာရေးအခြေအနေတွင် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောမွမ်းမံသင်တန်းများ ဆောင်ရွက်ပေးကြရန်၊ ဆေးနှင့်ဆေးပစ္စည်းအမျိုးအစားစုံလင်အောင် စုဆောင်းပြင်ဆင်ထားကြရန်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်တို့၌ လွှတ်တော်ကိုယ်စားလှယ်များ ပြင်ပလူနာအဖြစ် လာရောက်ပြသနိုင်ရေး၊ အတွင်းလူနာအဖြစ် တက်ရောက်ရန်လိုအပ်ပါက တက်ရောက်နိုင်ရေးတို့အတွက် သင့်လျော်သောလူနာခန်းများ ပြင်ဆင်ထားရှိခြင်း၊ အထူးကုဆရာဝန်ကြီးများနှင့် ပြသနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်းတို့ အပါအဝင် လိုအပ်သောကုသရေးလုပ်ငန်းများအတွက် ပြည့်စုံအောင်စီစဉ်ဆောင်ရွက်ပေးထားရန် လိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်အဆောက်အအုံများနှင့် တည်းခိုရိပ်သာများတွင် ဖွင့်လှစ်မည့်စားသောက်ဆိုင်များ၌ အစားအသောက်ချက်ပြုတ်မည့်သူများ၊ အစားအသောက်ကိုင်တွယ်ဧည့်ခံမည့်သူများအား အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသိပညာပေးသင်ကြားပြသ၍ ကူးစက်ရောဂါများအတွက် တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးမှုများကိုလည်း ဆောင်ရွက်ကြရန်၊ သောက်ရေ၊ သုံးရေများ သန့်ရှင်းမှုရှိစေရေးအတွက် ကလိုရင်းဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ယင်ကောင်များ ပေါက်ပွားမှုမရှိစေရေးဆေးဖျန်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ရက်ရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်သွားရမည့် လုပ်ငန်းများ၊ အပတ်စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပုံမှန်ဆောင်ရွက်သွားကြမည့် အစီအစဉ်များကို သေချာစီစဉ်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြပြီး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျန်းမာရေးကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၃**

၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ အရာရှိ၊ အရာခံ၊ အကြပ်အဆင့် စစ်သည်တော်ကျင့်ဝတ်ရေးဖြေနှင့် တပ်သားအဆင့် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။(**ယာပုံ**)

### ဝင်ရောက်ဖြေဆို

အဆိုပါ (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိအဆင့် ၁၅ ဦး၊ အရာခံအဆင့် ၁၅ ဦး၊ အကြပ်အဆင့် ၁၅ ဦး၊ အကြပ်/တပ်သားအဆင့် နှုတ်ဖြေ ၁၅ ဦး၊ တပ်သားအဆင့် ၁၅ ဦး စုစုပေါင်း ၇၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့် စက်ရုံကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးတားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ရေကူးအသံလွှင့်စက်ရုံ၏ ဧရိယာ ၁၃၁ ဧကခန့်တွင် အရှည်ပေ ၇၈၅၀ ကို အုတ်တံတိုင်းကာရန် ထားရှိပြီး အရှည် ၁၁၈၉ ပေတွင် အုတ်တံတိုင်းကာရန် လိုအပ်မှုအတွက် လာမည့်ဘတ်ဂျက်ဖြင့် ကာရန်နိုင်ရန် တင်ပြလျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုအခါ အုတ်တံတိုင်း အရှည်ပေ ၄၈၅၀ တွင် ဆေးပြန်လည်သုတ်ခြင်း၊ ယင်းအပေါ်တွင် သွပ်ဆူးကြိုးငါးတန်း တပ်ဆင်နေခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် နှစ်စဉ်ပွင့်လင်းရာသီ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ချုံနွယ်နှင့် မြက်ခင်းဧရိယာဧက ဖ၀ ခန့်ကို လယ်ထွန်စက်၊ မြေထွန်စက်ဖြင့် ရှင်းလင်း၍ မီးတားပြုလုပ်ခဲ့ရာ ယခုနှစ်တွင်လည်း အလားတူ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ မီးဘေးလုံခြုံရေးစီမံချက်နှင့်အညီ မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ်မည့် ကိရိယာ၊ မီးသတ်ရေစုနစ်၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် စနစ်တကျအသုံးပြုမှု၊ ကြိုတင်ပြင်ဆင်မှုနှင့် စစ်ဆေးမှု၊ သရုပ်ပြလေ့ကျင့်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံတွင် လျှပ်စစ်မီး အသုံးပြုမှုအပြင် အိမ်ထောင်သည် လိုင်းများတွင်လည်း စနစ်တကျ မီးအသုံးပြုရေး အပါအဝင် လုံခြုံရေးကိစ္စများနှင့် အခြားလိုအပ်သည်များ မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုးကြောင်ကလေး ဝန်ထမ်းအိမ်ရာကို ရောက်ရှိပြီး မီးဘေးလုံခြုံရေး အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်၊ ကျောင်းကုန်းနှင့် ပန်းတနော်မြို့နယ်များမှ အားကစားကွင်း၊ အားကစားရုံများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်၊ ကျောင်းကုန်းနှင့် ပန်းတနော်မြို့နယ်များရှိ အားကစားကွင်း၊ အားကစားရုံများကို ကွင်းဆင်းကြည့်ရှုသည်။ (ယာပုံ)



**ဖွင့်လှစ်သင်ကြားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အားကစားကွင်းအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် မီတာ ၄၀၀ မြေသားပြေးလမ်းပါ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မိုးလုံလေလုံအားကစားရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း၊ အားကစားရုံ ရေရှည်တည်တံ့စေရေး၊ မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ ဂိုးတိုင်နှင့် ဂိုးပိုက်များကို စနစ်တကျတပ်ဆင်ထားရှိပြီး အမြဲတမ်းသစ်လွင်တောက်ပစေရေး၊ နွေရာသီ အားကစားသင်တန်းများတွင် ဆုတံဆိပ်ရရှိနိုင်သည့် ပြေးခုန်ပစ်နှင့် အတိုက်အားကစားနည်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းကုန်းမြို့နယ် အားကစားကွင်းသို့ ရောက်ရှိရာ ဘောလုံးကွင်းအတွင်း အလျားပေ ၁၂၀၊ အနံပေ ၉၀ အားကစားခန်းမတည်ဆောက်ရန် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း၊ အားကစားရုံ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး ပုံမှန်ဆောင်ရွက်ရန်နှင့် ရေ၊ မီးသုံးစွဲမှုများ အဆင်ပြေစေရေး၊ ဂိုးတိုင်၊ ဂိုးပိုက်များကို စနစ်တကျတပ်ဆင်ထားရှိရန် မှာကြားသည်။

**စနစ်တကျထိန်းသိမ်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော်မြို့နယ် အားကစားကွင်းအခြေအနေကို ကြည့်ရှုပြီး ရောဝတီတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားကစားကွင်း၊ အားကစားရုံများတွင် ပြည်သူများလာရောက်လေ့ကျင့်ကစားနိုင်စေရေး၊ အားကစားလေ့ကျင့်မှုများနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် နွေရာသီအားကစားသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့စေရေးနှင့် အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲပြုလုပ်



**နေပြည်တော် မတ် ၃**

အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၏ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီးသင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား သင်ကြား ပို့ချနေမှုများကို လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ သင်တန်းများကို သင်တန်းသား သင်တန်းသူ ၁၉၀ ဖြင့် ယနေ့မှ မတ် ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များတွင်လည်း အဆိုပါသင်တန်းများကို သင်တန်းသား သင်တန်းသူ ၂၁၁၀ ဖြင့် သင်တန်းကာလ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ထားသည့်လူနာများအား ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၃**

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ရည်မှန်းကာ ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပြုလုပ်ခဲ့သည်။

ယနေ့ ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အထူးကြပ်မတ်ကုသဆောင်တွင် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ခံယူထားသည့် လူနာများအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၏ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အခြေအနေနှင့် လူနာများ၏ ကျန်းမာရေးအခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို လစဉ်အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။



**ခွဲစိတ်ချိန် ခြောက်နာရီခွဲ ကြာမြင့်**

စတုတ္ထအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ဇမ္ဗူသီရိမြို့နယ် အသက် (၄၅) နှစ်ရှိ ကျောက်ကပ်လူနာအမျိုးသမီးနှင့် ကျောက်ကပ်အလှူရှင် သားတော်စပ်သူ အသက် (၂၀)နှစ်ရှိ အမျိုးသားတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ခြောက်နာရီခွဲ ကြာမြင့်ခဲ့သည်။

ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ပျော်ဘွယ်မြို့နယ်နေ အသက် (၃၄)နှစ်ရှိ ကျောက်ကပ်လူနာအမျိုးသားနှင့် ကျောက်ကပ်အလှူရှင် အစ်မတော်စပ်သူ အသက် (၃၆)နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ငါးနာရီ ကြာမြင့်ခဲ့သည်။

**အနီးကပ်ဆောင်ရွက်ပေးလျက်ရှိ**

စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လူနာများအား အထူးကြပ်မတ်ကုသဆောင်တွင် လည်းကောင်း၊ ကျောက်ကပ်အလှူရှင်များအား ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုသဌာနတွင် လည်းကောင်း ထားရှိကာ လိုအပ်သောကုသမှုများ အနီးကပ် ဆောင်ရွက်ပေးလျက်ရှိသည်။

စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့် ကျောက်ကပ်ခွဲစိတ်) ပါမောက္ခ ဒေါက်တာကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်) ပါမောက္ခဒေါက်တာသဇင်ခိုင်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်) ပါမောက္ခဒေါက်တာ မျိုးသန်းနှင့် ဆေးတက္ကသိုလ် (မကွေး)မှ ပါမောက္ခ/ ဌာနမှူး (ဆီးနှင့် ကျောက်ကပ်ခွဲစိတ်) ပါမောက္ခဒေါက်တာအောင်တို့ ပါဝင်သော ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ် ဆေးကု) ပါမောက္ခဒေါက်တာဝင်းဝင်းလှိုင်၊ ပါမောက္ခ/ ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ဆေးကု) (ငြိမ်း) ပါမောက္ခဒေါက်တာ ခင်သီတာသွင်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီး (ဆီးနှင့်ကျောက်ကပ်ဆေးကု) ဒေါက်တာ ယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး (ဆီးနှင့် ကျောက်ကပ်ဆေးကု) ဒေါက်တာကျော်ကျော်မျိုးတို့ ပါဝင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ ဌာနမှူး (နှလုံးနှင့်သွေးကြောခွဲစိတ်) ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ (မေ့ဆေး) ဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ/ ဌာနမှူး(မေ့ဆေး) (ငြိမ်း) ပါမောက္ခဒေါက်တာမူမူနိုင်၊ ပါမောက္ခ/ဌာနမှူး (မေ့ဆေး)(ငြိမ်း) ပါမောက္ခ ဒေါက်တာ ကြည်ကြည်စန်းတို့ပါဝင်သော မေ့ဆေး ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ(ရောဂါဗေဒ) ပါမောက္ခဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ (အဏုဇီဝ) ဒေါက်တာ ခိုင်ဝင်းထွန်းနှင့် အထူးကု ဆရာဝန်ကြီး(သွေးဗေဒ) ဒေါက်တာမီမီခိုင်တို့ ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သွေးနှင့်သွေး ပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ(ဓာတ်မှန်) ပါမောက္ခဒေါက်တာခိုင်ရွှေဝါ၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ(ဓာတ်မှန်) ပါမောက္ခဒေါက်တာသဇင်သန်းတို့ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်း အဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ သူနာပြုအုပ် ဒေါ်ဝုန်ဆွင်းကျင်း၊ တာဝန်ခံ သူနာပြုကြီး ဒေါ်မွန်ရည်ရည်ထွန်း၊ သူနာပြုကြီး ဒေါ်ခင်ထားဝင်း၊ ဒေါ်သက်ဆု၊ ဒေါ်အေးအေးမော်တို့ ဦးဆောင်သော ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသ ဆောင်သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် လည်းကောင်း၊ ဒုတိယ အကြိမ်နှင့် တတိယအကြိမ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

**ပုံမှန်ဆက်လက်ဆောင်ရွက်**

ယခုကဲ့သို့ ပြည်တွင်း၌ ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်သူများအတွက် လိုအပ်သောကုသမှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသရမည့်ကုန်ကျစရိတ်များ သက်သာစေနိုင်သဖြင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကု ဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်၊ မန္တလေးပြည်သူ့ ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ ပုံမှန်ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာ ကုန်ထုတ်လမ်းသစ် အပိုင်း(၁) ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၃**

(၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာ ကုန်ထုတ်လမ်းသစ် အပိုင်း(၁) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဌာနဆိုင်ရာများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ကုန်ထုတ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကုန်ထုတ်လမ်းသစ် ဖောက်လုပ်ပေးခြင်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၃၅၈ အိမ်၊ လူဦးရေ ၁၅၀၈ ဦးနှင့် စိုက်ပျိုးမြေ ၂၅၂ ဧကကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



*** ရှေ့ဖုံးမှ**

ဧရိယာအတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ဆည်ရေအလေအလွင့် ဆုံးရှုံးမှုများပြားသည့် မိရိုးဖလာ (ကွက်ဆင့်သောက်) ရေသွင်းစနစ်ကို မကျင့်သုံးဘဲ လယ်ကြားမြောင်းများ တူးဖော်၍ ဆည်ရေကို လိုအပ်ချိန်၊ လိုအပ်သောနေရာ၌ စနစ်တကျ ရယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လက်တံမြောင်း၊ လယ်ကြားမြောင်းများ တူးဖော်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် တောင်သူအသိပညာပေးခြင်း၊ ရေအသုံးချပေးဝေမှုနှင့် သက်ဆိုင်သည့် ဗီနိုင်းပိုစတာများကို လည်း လမ်းဆုံများနှင့် ဆည်မြောင်းပေါင်ထိပ်များတွင် စိုက်ထူပြသပေးထားကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဇင်သက်က ပြောသည်။

ထို့ပြင် ကျေးရွာအလိုက် ရေအသုံးချသူများ အဖွဲ့ (WUG) အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာန၊ တောင်သူအကျိုးဆောင် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စိုက်ပျိုးရေကိုအကျိုးရှိစွာ ရယူသုံးစွဲနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တစ်ဦးမှသည် တစ်ဖွဲ့ချင်း အမှားပြင် အမြင်မှန်၍ အပူကို ငြိမ်းစေသူများ

မိုးကေနိုင်

ကိုယ်က မှန်သည်ထင်တိုင်း ဧကန် မှန်ပါသလား၊ သူမှားသည်ဟု ထင်တိုင်းလည်း အမှန်တကယ် မှားသည်ဟု ဆိုနိုင်ပါသလား။ ပညာဖြင့် အရာရာ အဆုံးအဖြတ်ပေးပြေား အချို့အရာများက အတွေ့အကြုံကို ရင်းပြီးမှ သိလာရသည့်အမှန်တရားတွေရှိသည်။

အမှားနှင့် အမှန်ဆိုသည်မှာ ယုံကြည်ချက်၊ အကျိုးစီးပွားနှင့် အင်အားအပေါ် မူတည်၍ ပြောင်းလဲနေတတ်သည်ဟု ဆိုသည်။ သို့သော် ယုံကြည်ချက်အမှားကြောင့် ပြုလုပ်မှုမှန်သမျှ ဘယ်တော့မှ အမှန်မဖြစ်နိုင်။ အတ္တအခြေခံသည့် အကျိုးစီးပွားသည်လည်း တစ်ချိန်၌ အမှားဖြစ်မည်သာ။ အင်အားကို အလွန်အကျွံ သုံးစွဲသမျှလည်း ဘယ်တော့မှ တရားမျှတမှုကို ရရှိနိုင်မည်မဟုတ်ပါ။ မမြဲသောအရာဆိုသော်လည်း အစဉ်အမြဲ မဖောက်မပြန်၊ မပြောင်းမလွဲ၊ ဖြောင့်မတ်သော အရာကိုသာ တကယ့်အမှန်တရားအဖြစ် ယူ၍ရနိုင်ပါသည်။ သို့သော် ယနေ့မျက်မှောက်မှာ အမှားက အမှန်၊ အမှန်ကအမှား ဖြစ်နေသည်မှာလည်း နေရာတိုင်း၌ တွေ့နေရသည်။ ဘာကြောင့်ပါလဲ။ အတ္တ၊ အမုန်း၊ အစွဲ အခြေခံသည့် အဂတိများကြောင့်သာ။ အမှားအမှန် နှလုံးသွင်းမှားနေကြ၍သာ လမ်းမှား ရောက်နေကြခြင်း ဖြစ်သည်။

### အတ္တနည်း သတ္တိရှိသူများအဖြစ်

အရေးကြီးသည့်အချက်က မသိ၍ မှားခဲ့သည်ကို လက်ခံသည်။ သို့သော် သိလျက်နှင့် ဆက်မှား၊ မှားမှန်း သိလျက်နှင့် မပြင်နိုင်လျှင်သာ တကယ့်လူမိုက်အဖြစ် သတ်မှတ်ခံနေရခြင်း ဖြစ်သည်။ မှားပြီးရင်းဆက်မှား၊ ကိုယ်တိုင်လည်းကျူးလွန်၊ ကိုယ့်အကျိုးလည်း ထိခိုက်၊ အများအပေါ်လည်း ကျူးလွန်မိ၊ အများ အကျိုးစီးပွား ထိခိုက်အောင် ဆက်လုပ်နေသူများကား တကယ့် လူယုတ်မာ၊ ဒုစရိုက်သမားများအဖြစ် ရောက်သွားကြရသည်သာ။

လမ်းမှန်မှ လမ်းမှားသွေဖည်မှုများကြောင့် ပြည်သူအများ မပျော်ရွှင်သော ဘဝများစွာမှာ သောကများ ဝေခဲ့ကြရသည်။ လမ်းမှားမှ လမ်းမှန် ပြန်ရောက်လာသူများကြောင့်လည်း ငြိမ်းချမ်းရေး ဦးခရီး နီးလာသလို ခံစားရပြန်သည်။ လမ်းမှားမှ လမ်းမှန်ပြန်ရောက်သူသည် အမှားကိုသိ၍ အမှန် ပြင်နိုင်သူများဖြစ်ရာ သတ္တိရှိသူများဟု ဆိုထိုက်ပါသည်။ မိမိကြောင့် မိမိသာမက အများအကျိုးကိုပါ ထိခိုက်သွားပါလား၊ အမှန်မြင်လာ၍ အတ္တနည်း လာသူများအဖြစ် မြင်မိပါသည်။ သူတို့သည် အစွန်း နှစ်ဖက်မှ ရှောင်ဖယ်နိုင်ကြပြီး အစွဲလျော့သူများ ဖြစ်လာခဲ့ပါပြီ။ တစ်နည်း အေးချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ခုအတွက် ချမ်းသာသုခဆောင် မည့်သူများအဖြစ် သူတို့အပေါ် ယုံကြည်မှုများ ရှိလာခဲ့ပါပြီ။

### အမှားမြင်၍ အမြင်မှန်စေချင်

ဆိုလိုသည်မှာ အမှန်ကိုမြင်ပြီး အမှားကို ပြင်စေချင်၍ဖြစ်သည်။ အမှားခရီးကြမ်း ဆူးခင်းလမ်း၌ လျှောက်နေသော ခြေလှမ်းများကို ပြန်လည်ရုပ်သိမ်းစေချင်၍ ဖြစ်သည်။ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဆိုသည်မှာ အင်မတန် အေးချမ်းသော စကားဖြစ်သည်။ တစ်နည်း မိဘရင်ခွင်ကို ပြန်လည်ဝင်ရောက်သဖြင့် အလင်း၏ အရသာကို ပြည့်ပြည့်ဝဝ ခံစားရခြင်းဖြစ်၍ အများသူငါ အားလုံးအတွက် မင်္ဂလာစကားလည်း ဖြစ်သည်။

စည်းကမ်းတို့၊ ကျင့်ဝတ်တို့ရှိသော ဥပဒေဘောင်အတွင်းမှာ လူမိုက်၊ လူ့အန္တတို့ မနေနိုင်ပါ။ လူလိမ္မာတို့သာ နေနိုင်ကြသည်ဖြစ်၍ ဥပဒေနှင့် ထိန်းကွပ်ရာ အရပ်သည် လူလိမ္မာသား၊ ပညာရှိလူအများတို့ နေထိုင်ရာ သင့်တော်ရာ အရပ်သည်သာ မင်္ဂလာနှင့် ညီပါသည်။ သွေးဆူသည့်အချိန် လျှောက်ခဲ့သည့် လမ်း၊ ဆူးခင်းလမ်းဟု သူတို့မမြင်သာခဲ့သည်ကို လည်း ခွင့်လွှတ်နိုင်ပါသည်။ အလွယ်တွေး၍ ရွေးလျှောက်ခဲ့ကြသော်လည်း အမှောင်မှအလင်းသို့ ပြန်ဝင်ရန်မှာမူ ဆုံးဖြတ်ရန် ခက်ခဲခဲ့ကြပေမည်။ ထို့ကြောင့် သူတို့သတ္တိကို လေးစားရပါသည်။ ထို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော ကြိုဆိုထိုက်သူ မည်သူမဆို ကြိုဆိုနေခြင်း ဖြစ်ပါသည်။ ယုံယုံကြည်ကြည်လက်ခံ၊ ခမ်းခမ်းနားနား ကြိုဆိုပေးနေခြင်းဖြစ်သည်။

ယုံကြည်ချက်ကြောင့် အမှားလမ်းစဉ် လျှောက်ခဲ့ကြသည်၊ မည်သို့ဆိုဆို မှန်ကန်သော ယုံကြည်ချက် မဟုတ်လျှင် ခံယူချက်လည်း ကောင်းနိုင်မည်မဟုတ်ပါ။ ကိုယ့်လုပ်ရပ်သည် အများသူငါ စိတ်ဆင်းရဲ ဖြစ်စေသလား၊ ဒုက္ခရောက်စေသလား။ ဆင်ခြင်ကြည့်ပါ။ ပညာမျက်စိနှင့် ကြည့်တတ်ဖို့ တိုင်းတာဖို့တော့လိုသည်။ ကိုယ့်လုပ်ရပ်က အများအကျိုး မဖြစ်သရွေ့၊ လက်တွေ့မှာ အများဒုက္ခဆင်းရဲတွေ့နေသရွေ့ ဘယ်လိုယုံကြည်ချက်မျိုး လက်ကိုင်ထားသည်ဖြစ်စေ၊ မည်သို့မှ မှန်စရာအကြောင်းမရှိပါ။

- ❖ ယနေ့ အမှန်မြင်၍ လမ်းမှားကို စွန့်ခွာခဲ့သူများက မိမိတို့၏ သမိုင်းအမှန်ကို ကိုယ်တိုင်မှတ်တမ်းတင်သူများ ဖြစ်လာပါလိမ့်မည်။ အမှန်တကယ်လည်း မှတ်တမ်းဝင်၍ သမိုင်းတွင်ခဲ့ကြပါပြီ။ ယမ်းငွေ့များကြား ယုံကြည်ချက်တို့ ပြိုဆင်းရာမှ မိမိနှင့် မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်းအတွက် အမှန်တကယ် ငြိမ်းချမ်းရေး ရောင်ခြည်သန်းရာ အစတစ်ခု ဖြစ်ခဲ့ပါပြီ။ ထို့ကြောင့်လည်း မှတ်တမ်းတင်ထိုက်သည်ဟုဆိုခြင်းဖြစ်
- ❖ အမှောင်မှ အလင်းသို့ မှတ်တမ်းဝင်သည်ဖြစ်၍ နာမည်ကောင်းဖြင့် မှတ်တမ်းဝင်ရန် ပို၍ကောင်းရာသို့ ပြင်ဆင်ရန်သာ ရှိတော့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ မှန်သမျှ ဆွေမျိုးရင်းချာ မိသားစုပမာ သက်ဆိုင်ရာက ကြည်ဖြူစွာ လက်ခံသည့် မြင်ကွင်းမျိုးသည် မြန်မာသမိုင်း ခေတ်အဆက်ဆက်မှာ မဆန်းလှပါ။ အမှောင်မှ အလင်းဝင်လာသူမည်သူမဆို ပို၍ လင်းလက်လာစေဖို့ အစစအရာရာ ကူညီပံ့ပိုးကြသည်သာ

ဤအချက်ကို အယူတိမ်း ယနေ့လူငယ်အချို့ သိစေချင်သည်။ အမြင်မှန် ရစေချင်ပါသည်။

### မှတ်တမ်းဝင်၍ မှတ်တမ်းတင်ထိုက်သူများ

ယနေ့ အမှန်မြင်၍ လမ်းမှားကို စွန့်ခွာခဲ့သူများက မိမိတို့၏သမိုင်းအမှန်ကို ကိုယ်တိုင်မှတ်တမ်းတင်သူများ ဖြစ်လာပါလိမ့်မည်။ အမှန်တကယ်လည်း မှတ်တမ်းဝင်၍ သမိုင်းတွင်ခဲ့ကြပါပြီ။ ယမ်းငွေ့များကြား ယုံကြည်ချက်တို့ ပြိုဆင်းရာမှ မိမိနှင့် မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်းအတွက် အမှန်တကယ် ငြိမ်းချမ်းရေးရောင်ခြည်သန်းရာ အစတစ်ခု ဖြစ်ခဲ့ပါပြီ။ ထို့ကြောင့်လည်း မှတ်တမ်းတင်ထိုက်သည်ဟု ဆိုခြင်းဖြစ်သည်။

အမှောင်မှ အလင်းသို့ မှတ်တမ်းဝင်သည်ဖြစ်၍ နာမည်ကောင်းဖြင့် မှတ်တမ်းဝင်ရန် ပို၍ကောင်းရာသို့ ပြင်ဆင်ရန်သာ ရှိတော့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူမှန်သမျှ ဆွေမျိုးရင်းချာ မိသားစုပမာ သက်ဆိုင်ရာက ကြည်ဖြူစွာ လက်ခံသည့်မြင်ကွင်းမျိုးသည် မြန်မာသမိုင်း ခေတ်အဆက်ဆက်မှာ မဆန်းလှပါ။ အမှောင်မှ အလင်းဝင်လာသူ မည်သူမဆို ပို၍ လင်းလက်လာစေဖို့ အစစအရာရာ ကူညီပံ့ပိုးကြသည်သာ။ ဤသည်မှာ လူကောင်းလူတော်တို့၏ ကောင်းမြတ်သော အစဉ်အလာတစ်ခုဖြစ်သည်။ ထို့ကြောင့် အမှားကို စွန့်ခဲ့ကြပြီး သူတို့အနေဖြင့် အမှောင်ထဲ ကျန်ခဲ့သူတို့အတွက် လက်ရှိကူညီနေသူတို့၏ ပုံရိပ်ကောင်းများကို ကူညီပြသစေလိုပါသည်။ ငါတို့ကို နိုင်ငံ၊ တပ်မတော်နှင့် ပြည်သူများက ဘယ်လိုစေတနာထားခဲ့သလဲ၊ သဘောထားကြီးစွာဖြင့် ဘယ်လိုပြုမူဆက်ဆံကြသလဲ အသိပေးစေလိုသည်။ ထို့ကြောင့် သမိုင်းတစ်ခေတ်တွင် တစ်ခေတ်မှာတစ်ယောက် မှတ်တမ်းတင်နိုင်အောင် အမြင်မှန်ရကြပါ ဟူ၍သာ နိုးဆော်လိုပါသည်။

### ကျေးဇူးဆပ်ရာရောက်

မင်းတို့လျှောက်နေတဲ့ လမ်းက အမှား၊ ငါတို့ယခု အမှန်လမ်းပေါ်ရောက်နေကြပြီ။ ငါတို့ကြောင့် ငြိမ်းချမ်းရေးခရီး နီးလာပြီ။ သူငယ်ချင်းတို့… အမှန်မြင်ကြပါ၊ အမှောင်နှင့် အလင်း၊ အမင်္ဂလာနှင့် မင်္ဂလာ အရပ်နှစ်ခုကား အလွန်ကွာခြားပါသည်။ သူတစ်ပါးကို ဆင်းရဲခြင်းပေး၊ ငါတို့လည်း ချမ်းသာခြင်းနှင့်ဝေး၊ ဘာတွေကောင်းတာရှိခဲ့သလဲ။ ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့အမျိုး၊ နောက်ဆုံး အနာဂတ် မျိုးဆက်အထိ တွေးပြီး ဘာတွေကောင်းတာ လုပ်ခဲ့ကြသလဲ။ ကိုယ့်ဒေသအတွက်လည်း ဘာတစ်ခုမှ မလုပ်နိုင်၊ ကိုယ့်နိုင်ငံအတွက်လည်း ဘာမှ အကျိုး မပြုနိုင်။ တကယ့်အကျင့်ပျက်ခြစား မတရားမှုများနှင့်သာ ကျင်လည်နေရသည့် ဆိုးလှဘဝများကို အကောင်းဘက် ပြန်လှည့်ကြဖို့ သတင်းစကား အမှာပါးခြင်းဖြင့် မိမိတို့၏ သူငယ်ချင်းမိတ်ဆွေများကို လမ်းစဉ်အမှားမှ အမှန်လမ်းသို့ ပြန်ခေါ်ပေးရန် တိုက်တွန်းလိုပါသည်။ မကောင်းတာကို ကောင်းရာ ညွှန်ပြခြင်းသည် ကုသိုလ်ဖြစ်ပါသည်။ အမှားမှ အမှန်ဘက် ဆွဲခေါ်ခြင်းသည် အားနည်းသူကို ကယ်ဆယ်ရာရောက်၍ ကရုဏာမည်ပါသည်။ ဤနည်းဖြင့်သာ နိုင်ငံကို ကျေးဇူးဆပ်၊ ပြည်သူကို ကူညီရာရောက်ပါမည်။

### ရလဒ်မကောင်းလျှင် ယုံကြည်မှုတို့ ပြိုလဲနိုင်

လများစွာကတည်းကပင် အမှောင်မှအလင်းသို့ ကူးပြောင်းသူလူငယ်များ အများအပြား ရှိလာကြောင်း သတိထားမိသည်။ အဖျက်နှင့်အပျက်တို့ကြား လူငယ်များ အသိတရား နိုးကြားလာခြင်းကို ကြိုဆိုပါသည်။ ကိုယ့်မိသားစု၊ ကိုယ့်အိုးအိမ် ကိုယ်တိုင် စောင့်ရှောက်ဖို့ သူတို့ သိလာကြပါပြီ။ မိသားစုအတွက် စဉ်းစားရင်း ကိုယ်ချင်းစာတရားလည်း ထားနိုင်လာပါပြီ။ ပြည်သူကို ကာကွယ်ဖို့၊ နိုင်ငံကို ကာကွယ်ဖို့လည်း နိုးကြားလာကြပါပြီ။ ငါတို့ ယုံကြည်ခဲ့တာ ဘာလဲ၊ ထိုယုံကြည်ချက်နှင့်အတူ ငါတို့ ဘာတွေ လုပ်ခဲ့ကြသလဲ၊ တရားမဲ့ ဝန်းကျင်မှာ မိမိတို့ယုံကြည်မှုများ ပြိုလဲသွားခြင်းကို ယနေ့လူငယ်များ သင်ခန်းစာယူသင့်ပါသည်။ ရလဒ်မကောင်းလျှင် ယုံကြည်မှုဆိုသည်မှာ ပျောက်ဆုံးသွားတတ်ပါသည်။ ကိုယ်တိုင်သာ မမြင်နိုင်တာ။ ဘေးကကြည့်နေသူက ကောင်းစွာမြင်သည်။ သတ်ဖြတ်မှုနှင့် သေဆုံးခြင်း၊ ဖျက်ဆီးမှုနှင့် ပျက်စီးမှု ရလဒ်များက သက်သေပင်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

**“လူ့ဘဝတွင် ကောင်းမွန်သောဘဝနှင့် ကောင်းမွန်သောအနာဂတ်ကို ကိုယ်တိုင်ရွေးချယ်တတ်မှသာလျှင် လူပီသပေမည်။ လက်ရှိမိသားစုသာမက နောင်အနာဂတ်မျိုးဆက် အဆက်ဆက်အထိ ကြည့်တတ်ရသည်။ အမှောင်ဖုံးနေခြင်းကို ကိုယ်တိုင်အလင်းရှာတတ်မှလည်း အမှန်ကို အမှန်အတိုင်း မြင်ရာရောက်ပါသည်။ အမြော်အမြင်ရှိသူဆိုသည်မှာ အခင်းအကျင်း အသစ်အသစ် ဖြစ်သမျှကို မြင်နိုင်စွမ်းသည်။ နိုင်ငံက ကမ္ဘာ့သစ်တစ်ခုသို့ ရွေ့နေပြီလား သူသိသည်။ အဏုမြူဒီပလိုမေစီနှင့် ဒေါ်လာဒီပလိုမေစီ (Actomic diplomacy and Dollar diplomacy) ကြားက ကမ္ဘာကြီး ဘယ်ဆီရွေ့နေသလဲ၊ နိုင်ငံတကာအရေး မျက်ခြည်ပြတ်မခံ မှီငြမ်း၍ ပြည်တွင်း EAO များ၏ Geopolitical Game များအကြောင်း လူငယ်တို့ အများကြီး လေ့လာရဦးမည်”**

# မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ အစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ဆွေးနွေးကြစေလိုကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များသည် အသက်အရွယ်အပိုင်းအခြားကြောင့် ဝင်ငွေရရှိမှု နည်းပါးခြင်း၊ နာတာရှည်ရောဂါအပါအဝင် မသန်စွမ်းမှုဆိုင်ရာများနှင့် ကြုံတွေ့ရခြင်း၊ မိသားစုဖွဲ့စည်းပုံ ပြောင်းလဲမှုကြောင့် အထီးကျန်ဆန်မှုများ ခံစားနေရခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် ထိခိုက်လွယ်ခြင်းတို့ကို ရင်ဆိုင်နေရပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များအတွက် ကျန်းမာရေးဝန်ဆောင်မှုများ တိုးချဲ့ခြင်း၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုစနစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ကဏ္ဍအလိုက် သက်ကြီးပုဂ္ဂိုလ်များပါဝင်နိုင်ရေး အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် သက်ကြီးပုဂ္ဂိုလ်များအတွက် အထူးကာကွယ်ရေးအစီအစဉ်များ ထည့်သွင်းပေးခြင်းနှင့် မိသားစုအခြေပြုစောင့်ရှောက်မှုကို အားပေးမြှင့်တင်ခြင်းနှင့် လူငယ်များအား သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုလုပ်ငန်းများ အရေးပါမှုကို အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအရဖွဲ့စည်းထားသည့် ကော်မတီတစ်ရပ်ဖြစ်သည့်အတွက် ဥပဒေက အပ်နှင်းထားသော တာဝန်နှင့် ဝတ္တရားများအတိုင်း သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အရေးများကို ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် အဋ္ဌမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြကြရာ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ကော်မတီဝင်များက သက်ကြီးပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ကော်မတီက ဆောင်ရွက်ပေးသင့်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများနှင့် ဆည်တမံများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိ မြို့နယ် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာ တိုက်အမှတ် ၂၂၀၊ ၂၁၀၈၊ ၂၃၄၂ တိုက်များ ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



ကြည့်ရှုစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အတွင်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုသွားရန်၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များကိုလည်း ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေး အမြဲမပျက် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်း(V4လမ်း)နှင့် မဟာသုခလမ်းဆုံအနီး လမ်းများပြုပြင်နေမှုကိုလည်းကောင်း၊ ဒက္ခိဏသီရိ မြို့နယ် ချမ်းမြေ့သီရိလမ်း ဟိုတယ်ဇုန်(၁) နောက်ကျောပတ်လမ်းအား မူလနှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် လမ်းအရှည် ပေ ၁၁၂၀၀ ကွန်ကရစ်တိုးချဲ့ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ချောင်းမကြီးရေလှောင်တမံ ပြုပြင်နမှုကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို လမ်းဘေးရှိ မင်္ဂလာကန် အမှတ်(၁)၊ (၂)၊(၃) ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည် ပင်မတမံနှင့် ကုန်းကြောတမံ ပြန်လည်ပြုပြင်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**ထွန်းလင်း(ဇေယျာမြေ)**

*စာမျက်နှာ ၆ မှ*

ရလဒ်ကောင်းမဖြစ်သည့် ရှုံးမြင်းကို အလောင်းအစားလုပ်၊ ကြမ်းကြုတ်မှုများအပေါ် ဘယ်လောက်စိတ်ကုန်နေကြပြီလဲ သဘောပေါက်သူ များလာနေပြီဖြစ်ကြောင်း အထောက်အထားများပင်ဖြစ်သည်။

တရားမဲ့လမ်းစဉ်သည် အဖြေမဟုတ်၊ အကြမ်းဖက်နည်းလမ်းသည် အမှား၊ ထိုလမ်းစဉ် မှားများကြောင့် တန်ဖိုးရှိ လူ့အသက်များ ဘာကြောင့် ပေးဆပ်နေမလဲ။ စားပွဲဝိုင်းနည်းလမ်းကသာ အမှန်ဆိုသည့် သဘောကို ကိုယ်ပိုင်အသိဖြင့် သိမြင်လာခြင်းသည်ပင် ပညာဖြစ်သည်။ နားမလည်လျှင်လည်း နားထောင်ပေးရန်လိုသည်။ ခံစားချက်ပြင်းပြင်းနှင့် မခံချင်စိတ်တို့ကို နောင်မျိုးဆက်များအထိ သယ်ယူမသွားဘဲ အစွန်းရောက်စိတ်များကို ဖြတ်ကြရန်လိုသည်။ တလွဲဆံပင်ကောင်းသည့် မခံချင်စိတ်မျိုးက ချမ်းသာခြင်းကို မပေးဆောင်နိုင်၊ နိုင်ငံပိုင်၊ ပြည်သူပိုင်၊ အများပိုင် ဥစ္စာပစ္စည်းများကို ခိုးဝှက်လုယက်မတရားသိမ်းပိုက်ထားသည့် တဒင်္ဂအရသာသည်လည်း တကယ့်ချမ်းသာအစစ်မဟုတ်၊ ပျော်ရွှင်မှုအစစ်မဟုတ်သည့် အမြင်မှားခြင်းသက်သက်ကို အမှောင်ထဲမှ လူငယ်လူကြီးမရွေး သိကြပါစေ။

လူ့ဘဝတွင် ကောင်းမွန်သောဘဝနှင့် ကောင်းမွန်သောအနာဂတ်ကို ကိုယ်တိုင်ရွေးချယ်တတ်မှသာ လျှင် လူပီသပေမည်။ လက်ရှိမိသားစုသာမက နောင်အနာဂတ်မျိုးဆက် အဆက်ဆက်အထိ ကြည့်တတ်ရသည်။ အမှောင်ဖုံးနေခြင်းကို ကိုယ်တိုင်အလင်းရှာတတ်မှလည်း အမှန်ကို အမှန်အတိုင်း မြင်ရာရောက်ပါသည်။ အမြော်အမြင်ရှိသူဆိုသည်မှာ အခင်းအကျင်းအသစ်အသစ်ဖြစ်သမျှကို မြင်နိုင်စွမ်းသည်။ နိုင်ငံက ကဏ္ဍသစ်တစ်ခုသို့ ရွေ့နေပြီလားသူသိသည်။ အဏုမြူဒီပလိုမေစီနှင့် ဒေါ်လာဒီပလိုမေစီ (Actomic diplomacy and Dollar diplomacy) ကြားက ကမ္ဘာကြီး ဘယ်ဆီရွေ့နေသလဲ၊ နိုင်ငံတကာအရေး မျက်ခြည်ပြတ်မခံ မှီငြမ်း၍ ပြည်တွင်း EAO များ၏ Geopolitical Game များ အကြောင်း လူငယ်တို့ အများကြီး လေ့လာရဦးမည်။

သို့မှသာ တပ်မတော်က မိမိတို့ အချုပ်အခြာ မပျက်ယွင်းအောင် ဘယ်လို ကာကွယ်စောင့်ရှောက်နေရသလဲ သိနိုင်ပါမည်။ ထိုမှတစ်ဆင့် ကျေးဇူးဆပ်လိုသူများအတွက် အပျက်အစီးများ ပြန်လည်တည်ဆောက်ရေးမှာ ပါဝင်ခွင့်ရရေး ကြိုးစားရပါမည်။ ထို့ကြောင့် နိုင်ငံပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့် နိုင်ငံအရေးတွင် အားထည့်၍ ပါဝင်ကြစေလိုပါသည်။ သို့မှသာ နိုင်ငံနှင့် ပြည်သူကို ပြန်လည်ကျေးဇူးဆပ်ရာ ရောက်မည်ဖြစ်ပြီး အမှောင်မှ အလင်းသို့ ပြန်ရောက်ရကျိုးနပ်ပါမည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ဘားအံ မတ် ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၆ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ကရင်ပြည်နယ်အတွင်းရှိဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ခေမာရာမကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောပါကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်သံဃနာယက ဥက္ကဋ္ဌ ဓမ္မပီယစာသင်တိုက်ဆရာတော် ဘဒ္ဒန္တခေမိဿရာလင်္ကာရက သမ္ဗောဓနီယသြဝါဒကထာ မြွက်ကြားချီးမြှင့်ကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက အထူးပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ဓမ္မပီယစာသင်တိုက်ဆရာတော် ဘဒ္ဒန္တခေမိဿရာလင်္ကာရအားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘားအံမြို့ အမှတ်(၉)ရပ်ကွက် လောက အတုလမာရ်အောင် တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတအားလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပါလအား လည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘားအံမြို့နယ် သံလှယ်စံပြကျေးရွာ ရာမညနိကာယစာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား လည်းကောင်း၊ သယံဇာတရေးရာဝန်ကြီးက သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘားအံမြို့နယ် ကော့လမုကျေးရွာ ကော့လမုကမ်းနား ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအားလည်းကောင်း၊ လူမှုရေးရာဝန်ကြီးက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လှိုင်းဘွဲ့မြို့နယ် အမှတ်(၅) ရပ်ကွက် အထက်ပိုင်ကျုံ ကျောင်းသစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝေပုလ္လအားလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ထေရဝါဒ ဗောဓိရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မဒဿီအားလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကက ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘားအံမြို့ တောင်ကလေးကျေးရွာ တောင်ကလေးပရိယတ္တိကျောင်း သီလရှင်ဆရာကြီး ဒေါ်ဉာဏသိင်္ဂီအား လည်းကောင်း ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး စေတနာရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အထူးပင့် သံဃာတော်များ၊ ဘွဲ့ခံဆရာတော်များနှင့် သီလရှင်ဆရာကြီးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း အမှတ်စဉ် (၆/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**မုံရွာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် မီးရထားစက်မှုသင်တန်းကျောင်း (ရွာထောင်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း အမှတ်စဉ် (၆/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)ရှိ ရတနာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်ကြားပေးမည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း ဘာသာရပ်များကို နားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူပြီး မိမိတို့ဘဝ လုံခြုံမှုအတွက် အထောက်အပံ့ကောင်းများ ဖြစ်အောင် ကြိုးစားသင်ယူသွားကြရန် လိုအပ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) အထွေထွေမန်နေဂျာထံ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းအတွက် ငွေကျပ် ၃၄၅၀၀၀၀ ပေးအပ်သည်။

ထို့နောက် မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) အထွေထွေမန်နေဂျာက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလ ရက် ၂၀ ဖွင့်လှစ်ကာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)ရှိ သင်တန်းကျောင်းဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ASEAN Plus-3 အရေးပေါ် အရန်ရိက္ခာ (APTERR) အစီအစဉ် -၃(၂၀၂၅)အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ဆန်တန်ချိန် ၂၁၀ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး စစ်ကိုင်းမြို့နယ်ရှိ ငလျင်ဘေးသင့်ပြည်သူများထံ ဆန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၉၉ ဒသမ ၃၉၈၀ တန်၊ သစ်မာ ၂၇ ဒသမ ၂၇၉၂ တန်၊ အခြား ၄၄ ဒသမ ၀၃၀၃ တန် စုစုပေါင်း ၁၇၀ ဒသမ ၇၀၇၅ တန်၊ ယာဉ်/ယန္တရား ရှစ်စီး၊ တရားခံ ရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြီးကြပ်ရေးမှူးများအား တွေ့ဆုံပြီး စာမေးပွဲဆိုင်ရာဆောင်ရွက်ရန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြား

**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ ဆောင်ရွက်ရန် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ စာစစ်ဌာနအလိုက် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့် အခြေခံပညာအလယ်တန်းနှင့်အထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီး ၁၅၅ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများ၊ တာဝန်ရှိသူများ အနေဖြင့် စာမေးပွဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြရာတွင် မေးခွန်းများ ထုတ်ယူသည့်အချိန်မှစပြီး စာစစ်ဌာနများသို့ အချိန်မီရောက်ရှိစေရေး၊ စာမေးပွဲဖြေဆိုနေစဉ်နှင့် စာမေးပွဲကာလအတွင်း လုံခြုံရေး၊ အဖြေလွှာများ ပြန်လည်အပ်နှံ ပို့ဆောင်ရေးလုပ်ငန်းများအထိ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် လုံခြုံရေးအထူးသတိရှိစွာဖြင့် စနစ်တကျကြပ်မတ်ကာ အထူးဂရုပြုအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနကထုတ်ဝေသည့် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ လုပ်ငန်းလက်စွဲအတိုင်း အလေးအနက်ထားကာ ကျောင်းသားကျောင်းသူများ လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုနိုင်ရေး၊ အောင်ချက်ရာခိုင်နှုန်း မြင့်မားရေး အားလုံးဝိုင်းဝန်းပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာဖြေသူစာရင်းသွင်းဦးရေ ၄၇၀၀၀ ကျော်ရှိပြီး စာစစ်ဌာန ၁၀၈ ခု ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**နေပြည်တော် မတ် ၃**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ နှစ်(၃၀)ပြည့် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုပေးပွဲကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ဆက်လက်ပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟနှင့် စစ်မှုထမ်းကောင်းတံဆိပ်ရရှိခဲ့ကြသူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုးမွေးမြူရေးဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ စစ်သမီးများအတွက် ယူနီဖောင်းနှင့်အရပ်ဝတ်များ၊ အိမ်ထောင်သည်ရဲမေများအတွက် တူညီဝတ်စုံများကို ပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ နှစ် (၃၀) ပြည့် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုပေးပွဲကို တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများ၊ တိုင်းပြင်ပသင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး အကောင်းဆုံးဆုရရှိကြသော အရာရှိ၊ စစ်သည်၊ ရဲမေများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗလာမပါကံစမ်းမဲဖောက်ပေးသည်။ ယင်းနောက် ညနေပိုင်းတွင် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ပြုလုပ်ကာ ပြိုင်ပွဲများမှ ဆုရရှိသူများကို တိုင်းမှူးနှင့် တာဝန်ရှိများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre- Conference Workshop) ကျင်းပ

**နေပြည်တော် မတ် ၃**

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံ ဆွေးနွေးပွဲ (Pre–Conference Workshop)ကို ယနေ့နံနက်ပိုင်းတွင် မေ့ဆေးပညာဌာနနှင့် ခွဲစိတ်ကုပညာဌာနတို့က ဦးဆောင်၍ အောင်ပန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ (ခုတင်–၇၀၀) မေ့ဆေးပညာဌာန၌ ပြုလုပ်ရာ ကလောတပ်နယ်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် အခြားဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ စုစုပေါင်း ၃၄ ဦး တက်ရောက်ပါဝင်ဆွေးနွေးကြသည်။

ဦးစွာ ဆေးရုံတပ်မှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ပါရဂူများနှင့် တာဝန်ရှိသူများက “ဘေးအန္တရာယ်ကျရောက်နေသည့်ကာလအတွင်း ခေတ်မီအသက်ကယ် ထိန်းသိမ်းကုသခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ အဆိုပါ (၃၁) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအား မတ် ၄ ရက်မှ ၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၂၃)

## ဩစတြေးလျနိုင်ငံ တက္ကသိုလ်များတွင် ကျင့်သုံးလျက်ရှိသော သင်ကြား၊ သင်ယူ စီမံခန့်ခွဲရေးစနစ်များ

**ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)**

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေး နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းမှာ စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်ပါသည်။ ပါမောက္ခဒင်နီယယ်တန် (Professor Daniel Tan)၏ ဖိတ်ကြားမှုကြောင့် စာရေးသူ ဆစ်ဒနီတက္ကသိုလ် ခေတ္တရောက်ရှိနေစဉ် စိုက်ပျိုးရေးပညာသင်ကြား၊ သုတေသနပြုနေမှုများကို အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

**(က) အဓိက သင်ယူမှုစီမံခန့်ခွဲမှုစနစ် (LMS Platform)**

ဆစ်ဒနီတက္ကသိုလ်တွင် အဓိကအသုံးပြုသော LMS စနစ်မှာ ကင်ဗတ်စ် (Canvas) ဖြစ်ပါသည်။ Canvas သည် ကျောင်းသား ကျောင်းသူများနှင့် ဆရာများအတွက် အဓိက အွန်လိုင်းလေ့လာမှုစနစ် (Online Learning Platform) ဖြစ်ပါသည်၊ ဘာသာရပ်တိုင်းအတွက် ပုံစံ(Canvas site) သီးသန့်ရှိပါသည်။ သင်ခန်းစာများ၊ လက်တွေ့လုပ်ရန်များ၊ စာမေးပွဲ/ အမှတ်ပေးစနစ်များ၊ ကျောင်းသား/ ဆရာ ဆက်သွယ်ရေးစနစ်များအားလုံးကို ဤနေရာမှ ပြုလုပ်ပါသည်။



ဆစ်ဒနီတက္ကသိုလ် ဖစ်ရှာစာကြည့်တိုက်တွင် ကျောင်းပိုင်ကွန်ပျူတာများ အသုံးပြုနေစဉ်။

ဆစ်ဒနီတက္ကသိုလ် စိုက်ပျိုးမွေးမြူရေးပညာ အထူးပြုယူမည့် ကျောင်းသားများ၏ သင်ကြားရေး၊ သုတေသနလုပ်ငန်းများကို ခေတ်မီနည်းပညာ လေ့လာနည်းစနစ် (LMS – Learning Management System) ဖြင့် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ကျောင်းသား ကျောင်းသူများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် မိမိဘာသာ သင်ယူလေ့လာစေသောနည်းစနစ်ကို အသုံးချနေပါသည်။ ကျောင်းသား ကျောင်းသူများ အနေဖြင့် စာသင်နှစ်ဝက် တစ်ခုလျှင် ဘာသာရပ် ၄-၅ ဘာသာသာ သင်ယူရပြီး တစ်ဘာသာကို စာသင်ချိန်ပြင်ပတွင် ပြုလုပ်ရသည့် လုပ်ငန်းများဖြင့် အနားမနေရရန် ဆောင်ရွက်ထားသည့်နည်းစနစ်ဖြစ်ပါသည်။




သင်ယူမှုစီမံခန့်ခွဲမှုစနစ် (LMS–Learning Management System) နမူနာပြုလုပ်မှုပုံစံ။

သို့သော် မြန်မာနိုင်ငံရှိ တချို့တက္ကသိုလ်များတွင် ဝါသနာပါပါ၊ မပါပါ စာသင်နှစ်ဝက်တစ်ခုကို ၉-၁၀ ဘာသာ စုပြုံသင်ပေးသော နည်းစနစ်ကတော့ ခေတ်မမီတော့ဟု ထင်မြင်မိပါသည်။ လက်ရှိစနစ်အရ တက္ကသိုလ်များတွင် ဌာနတွေများပြီး ဌာနမှူး/ ပါမောက္ခရာထူးများ အငြိမ်းစားမယူမချင်း အမြဲတမ်းရာထူးပုံစံဖြစ်နေသည်ကိုလည်း နိုင်ငံတကာပုံစံဖြစ်စေရန် ပြန်လည်သုံးသပ်သင့်သည်ဟု အကြံပြုလိုပါသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများရှိ တက္ကသိုလ်များတွင်တော့ ဌာနမှူး (Head of the Department)၊ မဟာဌာနမှူး (Dean of the Faculty) စသည်တို့မှာ ပါမောက္ခများက အလှည့်ကျရွေးကောက်ခံကာ သက်တမ်းအလိုက် တင်မြှောက်ပြီး ဆီးနိတ်/တက္ကသိုလ်ကောင်စီက ခန့်အပ်သောစနစ် (Elective and Appointed System)သာလျှင် ဖြစ်ပါသည်။ လုပ်သက်နည်းသည်၊ များသည် မတွက်ဘဲ ဆရာ ဆရာမ၏ လက်ရှိလုပ်နိုင်စွမ်းရည်၊ ပြုလုပ်ခဲ့သော သုတေသနများ၊ ထုတ်ဝေခဲ့သော စာစောင်များနှင့် တက္ကသိုလ် ကောင်စီ/ ဆီးနိတ် (လွှတ်လပ်သောပြင်ပအဖွဲ့အစည်း) တို့က ပါမောက္ခခန့်အပ်မှုကို ဆုံးဖြတ်ပါသည်။ (ထိုင်းနိုင်ငံတွင်လည်း တွဲဖက်ပါမောက္ခအထိတော့ အဆင့်ဆင့်ရာထူးတက်ပြီး ပါမောက္ခခန့်ထား၊ ဖြစ်လာဖို့မှာ အလွန့်အလွန်ခက်ခဲသည်ဟူ၍ စာရေးသူ၏မိတ်ဆွေ ပါမောက္ခပီယာဆပ်ဆရီနီဗတ်စ် – Professor Peersak Srinivis ၏ ပြောကြားချက်အရ သိရပါသည်။)

စာသင်နှစ် တစ်နှစ်တွင် ကျောင်းသားကျောင်းသူ ဦးရေ များပြားလွန်းလျှင်လည်း လက်တွေ့ချိန်များ၊ လေ့လာရေးခရီးများအတွက် စီစဉ်ရ အလွန်ခက်ခဲပါလိမ့်မည်။ ကျောင်းသားဘဝကတည်းက လက်တွေ့လုပ်ငန်းများမပါ၊ လက်ရှိမျက်မြင်အခြေအနေများကို ကြည့်ရှုဆွေးနွေးမှု မရှိ၊ မျက်မြင်မတွေ့ရပါကလည်း ပညာရပ်တစ်ခုကို သေချာစွာတတ်မြောက်ရန် ခက်ခဲပါလိမ့်မည်။ စာရေးသူတွေးမိတာပါ။

**ဤစနစ်၏ သင်ကြားရေး အခြေခံလုပ်ဆောင်ချက်များ**

ကင်ဗတ်စ် (Canvas) ထဲတွင် ပုံမှန်အားဖြင့် တွေ့နိုင်သော အရာများ –

- ဘာသာရပ် အပတ်စဉ်သင်ကြားမှု အကြောင်းအရာ အနှစ်ချုပ်၊
- သင်ခန်းစာ ခတ်ပုံ/ဆလိုက်များ၊ ဗီဒီယို/ ရုပ်သံဖိုင်များ၊ လေ့လာဖတ်ရှုရန် စာအုပ်၊ စာတမ်းများ၊
- ဥာဏ်စမ်းမေးခွန်းများ/ကြိုတင်စစ်ဆေးမှုများနှင့် ဆရာ၊ ကျောင်းသား ကျောင်းသူ အချင်းချင်း ဆက်စပ်သင်ကြားမှုများ၊
- သင်ခန်းစာတစ်လျှောက်လုံး ကျောင်းသားများ ပြုလုပ်ရမည့် အလုပ်တာဝန် ဥပမာ – စာတမ်းငယ်ရေးခြင်း၊ တစ်ဦးချင်း၊ အဖွဲ့လိုက် တင်ပြဆွေးနွေးခြင်း၊ နောက်ဆုံးထား တင်သွင်းရမည့်ရက် စသည်ဖြင့်၊
- ဆွေးနွေးချက်ပုံစံအမျိုးမျိုး၊
- ကြိုတင်ကြေညာချက်များ၊
- စာသင်နှစ်ဝက်တစ်ခုလုံး၏ အချိန်စာရင်းများ စသည်တို့ဖြစ်ပါသည်။

**ဆစ်ဒနီတက္ကသိုလ် ကျောင်းသား ကျောင်းသူများ အသုံးပြုပုံ**

ကျောင်းသား ကျောင်းသူများသည် –

- မိမိ၏ တက္ကသိုလ်ခုံအမှတ်/ကျောင်းသား နံပါတ်+လျှို့ဝှက်နံပါတ် (UniKey + Password) ဖြင့် စနစ်ထဲ (Canvas System login) ဝင်ရောက်ရပါသည်။
- စာသင်နှစ်ဝက် မစခင် ~ တစ်ပတ်လောက် ကြိုတင်၍ သင်ခန်းစာ/ ဘာသာရပ်တိုင်း၏ အကြောင်းအရာများကို တွေ့မြင်နိုင်ပါသည်။
- မိမိကွန်ပျူတာလက်တော့၊ တက္ကသိုလ်အတွင်းရှိ ကွန်ပျူတာများ၊ မိမိလက်ကိုင်ဖုန်းများဖြင့် ကြိုက်ရာအမျိုးမျိုးလည်း အသုံးပြုနိုင်ပါသည်။ (တက္ကသိုလ်အတွင်း စာကြည့်တိုက်၊ ခတ်ခွဲခန်း၊ သက်ဆိုင်ရာဌာန၊ ကျောင်းဆောင်အသီးသီးတွင် တက္ကသိုလ်ပိုင် ကွန်ပျူတာများ တပ်ဆင်ပေးထား၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ် နယ်မြေအတွင်း ကော်ဖီဆိုင်အပါအဝင် မည်သည့်နေရာမှမဆို ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။)

**ဒစ်ဂျစ်တယ်စနစ်သင်ကြားရေး သဘောတရားအယူအဆ**

Canvas အသုံးပြုခြင်း၏ ရည်ရွယ်ချက်များ–

- ခေတ်မီကွန်ပျူတာအခြေခံသင်ယူမှု စနစ်ဖြစ်ခြင်း၊
- လက်ကိုင်တယ်လီဖုန်းနှင့် သုံးနိုင်သည်အထိ လွယ်ကူစွာသုံးနိုင်သော စနစ်ဖြစ်ခြင်း၊
- ကျောင်းသား၊ ဆရာ မျက်နှာချင်းဆိုင် တွေ့မှုနှင့် အဝေးသင်မှု နှစ်ခုပေါင်းစနစ်ဖြစ်ခြင်း၊
- လွယ်ကူရိုးရှင်းသော ဘာသာရပ်ဒီဇိုင်းစနစ်ဖြစ်ခြင်း၊
- ပြင်ပစနစ်တစ်ခုနှင့် ပေါင်းစည်းထားသော စနစ်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

**စာရေးသူ၏အတွေးတစ်စ**

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ပညာရေးခေတ်ဖြစ်ပါသည်။ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်များအပါအဝင် တက္ကသိုလ်အများစုသမားရိုးကျ ဆရာနှင့် တပည့်စာသင်ခန်းထဲ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တစ်ပတ်လုံး နားချိန်မရှိ ဆက်တိုက် သင်၊ သင်ခန်းစာများကို အလွတ်ကျက်၊ နောက်ဆုံး စာမေးပွဲ သုံးနာရီခန့် ဖြေဆိုနေရသည့်စနစ်မှ ရုန်းထွက်ရန် အချိန်ကျရောက်နေပါပြီ။

ဤတက္ကသိုလ်များ၏ သင်ယူမှုစီမံခန့်ခွဲမှုစနစ်က အထက်တန်း ၁၂ တန်း အောင်မြင်လာသော ကျောင်းသား ကျောင်းသူများဖြစ်၍ ဤစနစ်နှင့် ထိတွေ့ပြီးဖြစ်ပါသည်။ ဥပမာ – စိုက်ပျိုးရေးပထမဘွဲ့ (B.Agr.Sc. or BSc Agriculture)က သုံးနှစ်ပဲ ကြာမြင့်ပါသည်။ ဂုဏ်ထူးတန်း တက်ရောက်လိုသူများအတွက် လေးနှစ် တက်ပြီး မဟာစိုက်ပျိုးရေးသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်းများ တက်ရောက်လိုပါက ဆက်လက်တက်ရောက်နိုင်ပါသည်။

သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများ ပထမနှစ်ကတည်းက အထူးပြုဘာသာအလိုက် Agriculture ဘာသာရပ်ကြီးအောက်တွင် အပင်သိပ္ပံ (Plant Science)၊ မွေးမြူထုတ်လုပ်ရေး (Animal Production)၊

*စာမျက်နှာ ၁၁ သို့*

❝ ဆစ်ဒနီတက္ကသိုလ် စိုက်ပျိုးမွေးမြူရေးပညာ အထူးပြုယူမည့် ကျောင်းသားများ၏ သင်ကြားရေး၊ သုတေသနလုပ်ငန်းများကို ခေတ်မီနည်းပညာ လေ့လာနည်းစနစ် (LMS-Learning Management System) ဖြင့် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကျောင်းသား ကျောင်းသူများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် မိမိဘာသာ သင်ယူလေ့လာစေသောနည်းစနစ်ကို အသုံးချနေပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် စာသင်နှစ်ဝက်တစ်ခုလျှင် ဘာသာရပ် ၄-၅ ဘာသာသာ သင်ယူရပြီး တစ်ဘာသာကို စာသင်ချိန်ပြင်ပတွင် ပြုလုပ်ရသည့် လုပ်ငန်းများဖြင့် အနားမနေရရန် ဆောင်ရွက်ထားသည့်နည်းစနစ်ဖြစ် ❞

▼ *ကျောဖုံးမှ*

**ဖမ်းဆီးရမိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့များသည် တာချီလိတ်မြို့ မယ်ခေါင်(၂) ရပ်ကွက် မယ်ခေါင်(၂)လမ်း ဟိုတယ်လိုင်စင်ရယူထားခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ဟိုတယ်အမည်ရှိအဆောက်အအုံ၌ တရားမဝင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့ မွန်းလွဲပိုင်းတွင် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၈၉ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၂၉၇ ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား ၃၁ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၃၈ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၅၇ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား အမျိုးသမီး တစ်ဦး စုစုပေါင်း ၃၉၃ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၁၇၄ လုံး၊ CPU အလုံး ၇၀၊ starlink ကိုးလုံး၊ ဖုန်းမျိုးစုံ ၂၃၃ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ် ရှင်းလင်းခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စနစ်တကျဖျက်ဆီးသွားမည်**

အဆိုပါ ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်း မရှိစေရေး စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိသည့် အဆောက်အအုံကို တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ၅၀ အား တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ၅၀ အား တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် မလေးရှားနိုင်ငံသား အမျိုးသား ၃၁ ဦးအား တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် ဗီယက်နမ်နိုင်ငံသား အမျိုးသား ၄၆ ဦးအား တွေ့ရစဉ်။

---

❂ *ကျောဖုံးမှ*

ပြိုင်ဘက် ဂီတာဖေးအသင်း၏ ခံစစ်ပိုင်းက ကျစ်ကျစ်လျစ်လျစ်ဖြင့် ရီးရဲမက်ဒရစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်တစ်လျှောက် ဟန့်တားကာကွယ်နိုင်ခဲ့သလို ဂိုးသမား ဒေးဗစ်ဆော်ရီယာသည်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ဂီတာဖေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် စထရီယာနိုက သွင်းယူပေးခဲ့သည်။

ပွဲချိန်ပြည့်ခါနီးတွင် ရီးရဲမက်ဒရစ်အသင်းမှ ဖရန်ကိုမတ်စ်တန်မူအိုနီနှင့် ဂီတာဖေးအသင်းမှ အန်ဒရီယန်လီဆိုတို့ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် လာလီဂါတွင် နှစ်ပွဲဆက်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ပြင် ရီးရဲမက်ဒရစ်အသင်းသည် ဦးဆောင်သူ ဘာစီလိုနာအသင်းနှင့်လည်း ရမှတ်ကွာဟမှု လေးမှတ်အထိ ရှိလာပြီဖြစ်သည်။ နည်းပြ အာဘီလိုအာသည် ရီးရဲမက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်သည့် ၁၂ ပွဲတွင် ရှုံးပွဲလေးပွဲအထိ ရှိလာပြီဖြစ်သည်။

**အောင်ဇော်**

---

*စာမျက်နှာ ၁၀ မှ*

မြေဆီလွှာသိပ္ပံနှင့်ဇလဗေဒ (Soil Science and Hydrology)၊ အစားအစာသိပ္ပံ (Food Science)၊ ဗီဇဗေဒနှင့်ဂျီနုန်းပညာ (Genetics and Genomics)၊ ပတ်ဝန်းကျင်၊ စိုက်ပျိုးမွေးမြူရေးနှင့် အရင်းအမြစ်ဆိုင်ရာ စီးပွားရေးပညာ (Environmental, Agricul-tural and Resource Economics)၊ အဏုဇီဝဗေဒ (Microbiology)၊ ဂေဟနှင့် ဆင့်ကဲဖြစ်စဉ်ဆိုင်ရာ ဇီဝဗေဒ(Ecology and Evolutionary Biology)အထူးပြုရှစ်ဘာသာရှိပါသည်။ စိတ်ကြိုက်ယူရပါသည်။

ထိုအထဲမှာမှ မယူမနေရဘာသာနှင့် စိတ်ကြိုက်ဘာသာများအပါအဝင် နှစ်ဝက်တစ်ခုလျှင် အချိန်ပြည့်ကျောင်းသားမှလေးဘာသာပဲ အများဆုံးယူရပါသည်။ အလုပ်လုပ်နေသော အချိန်ပိုင်းကျောင်းသားကျောင်းသူဆိုလျှင် ၁ –၂ ဘာသာ (One or two Subjects)သာ စိတ်ကြိုက်ယူပြီး အေးအေးဆေးဆေး အလုပ်လုပ်ရင်း တက္ကသိုလ်ကျောင်းတက်နေလို့ ရပါသည်။

**ခရက်ဒစ်ယူနစ်စနစ် (Credit Unit System) ဖြင့် သင်ကြားခြင်း၏ အားသာချက်များပါ**

တချို့ကလည်း ထင်ပါလိမ့်မည်။ လေးဘာသာထဲ ယူရတော့ ကျန်အချိန်တွင် ကျောင်းသားကျောင်းသူများ ကျောင်းပျက်နေမည်၊ တခြားအရာ၊ မဟုတ်တာ လုပ်နေလိမ့်မည် ထင်ပါလိမ့်မည်။ ဤသင်ယူမှုစီမံခန့်ခွဲမှုစနစ်က ကျောင်းသားကျောင်းသူ အချိန်ပြည့်စာနှင့် အလုပ်နှင့် မပြတ်အောင် စီမံခန့်ခွဲပေးပါလိမ့်မည်။ တစ်ခုတော့ရှိပါသည်။ အင်တာနက်၊ စာကြည့်တိုက် စသည့် ကျောင်းသား ကျောင်းသူ လိုအပ်ချက်များကိုတော့ တက္ကသိုလ်က ပံ့ပိုးပေးရမည်တော့ ထင်ပါသည်။ ဆစ်ဒနီတက္ကသိုလ်တွင် ဆရာ၊ ကျောင်းသားကျောင်းသူ၊ ဧည့်သည် (အသုံးပြုခွင့်နှင့် လျှို့ဝှက်နံပါတ်တော့ရှိရပါမည်) အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရန် စာကြည့်တိုက်၊ ဓာတ်ခွဲခန်း၊ ကျောင်းဆောင်၊ စာသင်ခန်း၊ နောက်ဆုံး ကော်ဖီဆိုင်ကအစ တက္ကသိုလ်ပိုင် ကွန်ပျူတာများ ချထားပေးပါသည်၊ **(မြန်မာနိုင်ငံတွင်တော့ စာကြည့်တိုက်နှင့် သက်ဆိုင်ရာ ဌာနများတွင် ထားပေးပြီး ကြီးကြပ်လျှင်ရမည်ထင်ပါသည်။) ဤပုံစံလို အထူးပြုဘာသာအလိုက် ကျောင်းသား ကျောင်းသူ အများဆုံး ၂၀ – ၃၀ ခန့်သာဆိုပါက သက်ဆိုင်ရာဌာနများက ကြီးကြပ်ရန်လွယ်ကူမည်ထင်ပါသည်။)**

ရန်ကုန်တက္ကသိုလ်တွင် စာသင်နှစ်ဝက်တစ်ခု မယူမနေရနှင့် စိတ်ကြိုက်ဘာသာ အများဆုံးခြောက်ဘာသာနှင့် သန်လျင်သမဝါယမတက္ကသိုလ်တွင် သင်ယူမှုစီမံခန့်ခွဲမှုစနစ် (LMS – Learning Management) လက်တွေ့ကျင့်သုံးနေသည်ကို သိရှိရပါသည်။ ကျန်တက္ကသိုလ်များလည်း ပို၍ ကောင်းသောစနစ်များ ကျင့်သုံးနေပါလိမ့်မည်။ ။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၀) သင်တန်းဆင်းပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ကျင်းပသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၀) သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းသီဟက ဆုရသင်တန်းသား တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း ဆင်းပွဲအခမ်းအနား ကျင်းပစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။







❖ *ကျောဖုံးမှ*

တိုင်းစစ်ဌာနချုပ်များ အလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။

**ဆုများအသီးသီး ပေးအပ်ချီးမြှင့်**

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေး ပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၀)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် –

၁။ သင်တန်းဆင်းပြီဆိုတော့ ကျွန်တော်အခု အလွန်ပျော်မိပါတယ်။ ကျွန်တော်တို့ စိတ်ထဲမှာတော့ ကျွန်တော့်ကို တာဝန်ပေးတဲ့နေရာမှာ တာဝန်ကိုကျေပွန်အောင် အကောင်းဆုံးထမ်းဆောင်သွားပါမယ်လို့ ပြောချင်ပါတယ်။ ဆရာကြီးများက ကျွန်တော့်ကို စစ်ပညာနဲ့ ပတ်သက်တဲ့ အခြေခံ စစ်ပညာဆိုင်ရာတွေကို

*စာမျက်နှာ ၁၃ သို့*



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

*စာမျက်နှာ ၁၂ မှ*

အစစအရာရာ အကုန်လုံးကို သင်ကြားပေးပါတယ်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ရှိလာသလိုမျိုး ခံစားမိပါတယ်။ အရင်ကအရပ်သားဘဝထက်စာရင်တော့ အခုအခြေအနေကို ပိုပြီးဂုဏ်ယူမိပါတယ်။ စစ်သားကောင်း တစ်ယောက်ဖြစ်အောင် အမြဲကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်ကို ပေးအပ်တဲ့ တာဝန်အပေါ်မှာ အကောင်းဆုံး အတတ်နိုင်ဆုံး ကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်။ တပ်မတော်သား တစ်ယောက်ဖြစ်သွားတဲ့ အချိန်မှာ ကျွန်တော့်ကို ကျွန်တော်အမြဲ ဂုဏ်ယူမိပါတယ်။ အရင်ကထက်စာရင် ယုံကြည်မှုအများကြီး ပိုရှိလာပါတယ်။ တပ်မတော်က ပေးအပ်တဲ့ တာဝန်တွေကိုလည်း အကောင်းဆုံး ကြိုးစားသွားပါမယ်။

၂။ ပြောင်းလဲမှု ကတော့ အများကြီးရှိပါတယ်။ ရောက်ခါစ တုန်းကတော့ အခက်အခဲတွေ အများကြီးရှိတာပေါ့။ အရပ်သားဘဝကနေ လာတာဆိုတော့ တပ်မတော်နဲ့ အထိအတွေ့မရှိဘူးဆိုတော့ အခက်အခဲတွေရှိခဲ့ပါတယ်။ စစ်မြေပြင်မှာ ဆိုရင်တော့ တစ်ယောက်တည်း ဆောင်ရွက်ဖို့လည်း မဖြစ်နိုင်ပါဘူး။ အဲဒီတော့အဖွဲ့လိုက် စနစ်နဲ့ပဲသွားတာဖြစ်တဲ့အတွက် အဖွဲ့လိုက် ကြိုးစားတတ်အောင် ဆရာတွေက အများကြီး သင်ပေးထားပါတယ်။ ဆရာတွေ သင်ပေးထားတဲ့အတိုင်းပဲ ကျွန်တော်တို့ စစ်မြေပြင်ရောက်သွားရင်လည်း စစ်နည်းဗျူဟာရပ်တွေ၊ စစ်ပညာတွေကိုအကောင်းဆုံး အသုံးချသွားပါမယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးနိုင်ရန် မဒန်းရေလှောင်ဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

နေပြည်တော် မတ် ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် မဒန်းဆည်ရေသောက်စနစ် အတွင်းရှိ



နွေစပါး ၂၁၁၅ ဧကနှင့် နွေသီးနှံ ၁၆၁ ဧကများ အချိန်မီစိုက်ပျိုးနိုင်ရန် မဒန်းရေလှောင်ဆည် ရေပေးတူးမြောင်းမကြီးမှ ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅) မှ သိရသည်။

ဒေသခံတောင်သူများ ရာသီအလိုက် နွေစပါး၊ နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးနှင့် နွေစပါး၊ နွေသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မွေး**

## ဖောင်းလောင်ရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ပေးဝေလျက်ရှိ

**နေပြည်တော် မတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖောင်းလောင်ဆည်ရေသောက် ဧရိယာအတွင်းရှိ နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းမှစတင်၍ ဖောင်းလောင်ရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (တည်ဆောက်ရေး-၅) မှ သိရသည်။

ဥတ္တရသီရိမြို့နယ် ဖောင်းလောင်ဆည်ရေသောက် ဧရိယာအတွင်းရှိ တောင်သူများ နွေစပါး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေများကို တူးမြောင်း



မကြီးနှင့် လက်တံမြောင်းများမှ ရေအလေအလွင့် နည်းပါးစေရေးအတွက် စနစ်တကျ ရေပေးဝေလျက်ရှိကြောင်း သိရသည်။ ဖောင်းလောင် ဆည်ရေသောက်အတွင်း နွေစပါး ဧက ၅၅၀ စိုက်ပျိုးရန်လျာထားပြီး စိုက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဘုန်းမြတ်**

# ပဋိပက္ခဖြစ်ပွားသည့်ဇုန်များသို့ ခရီးသွားခြင်းရပ်ဆိုင်းထားရန် အေဂျင်စီများကို ဗီယက်နမ်ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ညွှန်ကြား




ဒူဘိုင်းမြို့ သဲကန္တာရတစ်ခု၌ အမှတ်တရဓာတ်ပုံရိုက်ကူးနေသည့် ဗီယက်နမ်ခရီးသွားများကို တွေ့ရစဉ်။

**ဟန်နွိုင်း မတ် ၃**

ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော အကြံပြုချက်များနှင့်အညီ အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခဖြစ်ပွားသည့် ဇုန်များနှင့် အန္တရာယ်ရှိဒေသများသို့ ခရီးသွားရောက်ခြင်းကို ရပ်ဆိုင်းထားရန် ခရီးသွားအေဂျင်စီများကို ညွှန်ကြားထားကြောင်း ဗီယက်နမ်သတင်းဌာနက မတ် ၃ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသ အများအပြားတွင် တည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ယင်းကဲ့သို့ ညွှန်ကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ပဋိပက္ခဖြစ်ပွားသည့်နေရာများတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အနီးကပ်စောင့်ကြည့်ရန်နှင့် သက်ဆိုင်ရာအာဏာပိုင်များ၏ အကြံပြုချက်များကို လိုက်နာကြရန် ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ခရီးသွားကုမ္ပဏီများကို တိုက်တွန်းထားသည်။

ပဋိပက္ခဖြစ်ပွားရာဒေသများသို့ ရောက်ရှိနေသည့် ခရီးသွားအဖွဲ့များအတွက် ခရီးသွားကုမ္ပဏီများသည် ခရီးသွားများ ဘေးအန္တရာယ်ကင်းစေရန်နှင့် လိုအပ်လာပါက နိုင်ငံသားအကာအကွယ်ပေးရေး အစီအမံများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် အိမ်ရှင်နိုင်ငံများရှိ မိတ်ဖက်များနှင့် ဗီယက်နမ်သံတမန်အဖွဲ့များနှင့် နီးကပ်သည့်ဆက်သွယ်မှုရှိရန် လိုအပ်သည်ဟုဆိုသည်။ **ဆင်ဟွာ**

# ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် တိုးလာ

**ဘန်ကောက် မတ် ၃**

ထိုင်းနိုင်ငံသည်ဖေဖော်ဝါရီလတွင် နိုင်ငံခြားခရီးသည် ၃ ဒသမ ၂၆ သန်း လက်ခံကြိုဆိုခဲ့သည်။ နှစ်စနှင့် နှိုင်းယှဉ်ကြည့်လျှင် ခရီးသည် ၄ ဒသမ ၆၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း တရားဝင်စာရင်းဇယား အချက်အလက်တွင် မတ် ၃ ရက်က ဖော်ပြခဲ့သည်။

လွန်ခဲ့သောလ ခရီးသွားလုပ်ငန်းပြေစာအရ ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်းမှ ဘတ် ၁၆၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဘီလီယံ) ရရှိခဲ့သည်ဟု ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။ ထိုသို့ရရှိခြင်းက ခရီးသွားလုပ်ငန်းမှ တစ်နှစ်ပြီးတစ်နှစ် ၆ ဒသမ ၀၆ ရာခိုင်နှုန်း တိုးလာခြင်းကြောင့် ဖြစ်သည်။



၂၀၂၆ ခုနှစ် ပထမနှစ်လအတွင်း ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍတွင် တရုတ်ခရီးသွားအများဆုံးဖြစ်ကာ မလေးရှားနှင့် ရုရှားတို့က ဒုတိယနှင့် တတိယအများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံသို့လာရောက်သည့် ဆိုက်ရောက်နိုင်ငံခြား ခရီးသည် အရေအတွက် တစ်သန်းကျော်လွန်ခဲ့သည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသည် ၆ ဒသမ ၆၂ သန်း လာရောက်ခဲ့သည်ဟု ဝန်ကြီးဌာန၏ စာရင်းဇယားအချက်အလက်တွင် ဖော်ပြထားသည်။ ၂၀၂၆ ခုနှစ် တစ်နှစ်ပတ်လုံး ထိုင်းနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသည် အရေအတွက် ၃၆ ဒသမ ၇ သန်း ရှိလာမည်ဟု မျှော်မှန်းထားသည်။

**ဆင်ဟွာ**

# နိုင်ငံတကာအသိုင်းအဝိုင်းတွင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ မြင့်တက်လာနေဟုဆို

**ပါရီ မတ် ၃**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က မြင့်တက်လာသည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံ၏ နျူကလီးယားထိပ်ဖူးအရေအတွက်ကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မက်ခရွန်သည် ပြင်သစ်ရေတပ်၏ နျူကလီးယားရေငုပ်သင်္ဘော အခြေစိုက်စခန်းတွင် နျူကလီးယား နှင့်ပတ်သက်၍ မတ် ၂ ရက်က မိန့်ခွန်းပြောကြားခဲ့ရာ၌ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ မြင့်တက်လာနေသည်ဟုဆိုကာ နျူကလီးယား ထိပ်ဖူးအရေအတွက် တိုးမြှင့်သွားမည့် ဆုံးဖြတ်ချက်ကို ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့၏ ဆန်းစစ်ချက်အရ ပြင်သစ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် သိုလှောင်သိမ်းဆည်းထားသည့် နျူကလီးယားထိပ်ဖူးပေါင်း ၂၉၀ ရှိကြောင်း၊ အဆိုပါ အရေအတွက်မှာ ယင်းနှစ်အတွင်း ကမ္ဘာပေါ်တွင် စတုတ္ထမြောက် အများဆုံးပမာဏဖြစ်ကြောင်း သိရသည်။ မက်ခရွန်သည် ပြင်သစ်နိုင်ငံတွင် နျူကလီးယားထိပ်ဖူးမည်မျှရှိကြောင်းနှင့် မည်မျှထပ်မံတိုးမြှင့်သွားမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

**အင်န်အိတ်ချ်ကေ**



# ငြိမ်းချမ်းရေးထိန်းသိမ်းမှုယာဉ်တန်း တိုက်ခိုက်ခံရမှုအပေါ် တောင်ဆူဒန်ရှိ ကုလသမဂ္ဂမစ်ရှင် (ယူအင်န်မစ်) က ပြစ်တင်ရှုတ်ချ

**ဂျူဘား မတ် ၃**

ဝ္ဂျုန်လဲပြည်နယ်နှင့် ဂရိတ်တားပိုက်ဘော အုပ်ချုပ်ရေးနယ်မြေ (ဂျီပီအေအေ) အကြား နယ်စပ်တစ်လျှောက် မောင်းနှင်သွားလာနေသော ငြိမ်းချမ်းရေးထိန်းသိမ်းမှုယာဉ်တန်းကို လက်နက်ကိုင်အဖွဲ့များက ပစ်မှတ်ထားတိုက်ခိုက်ခြင်းအပေါ် တောင်ဆူဒန်ရှိ ကုလသမဂ္ဂမစ်ရှင် (ယူအင်န်မစ်) က ပြစ်တင်ရှုတ်ချခဲ့သည်။

လက်နက်ကိုင်ငြိမ်းချမ်းရေးထိန်းသိမ်းသူများ လိုက်ပါလာသည့် အင်ဂျင်နီယာတပ်ဖွဲ့သည် ဝ္ဂျုန်လဲပြည်နယ်ရှိ အေကိုဘိုမှ ဂျီပီအေအေရှိ ဘီဘောဒေသသို့ မောင်းနှင်နေစဉ် ချုံခိုတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိပေ။ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအပေါ် ဆန့်ကျင်တိုက်ခိုက်မှုများကို လက်မခံကြောင်း ယူအင်န်မစ်အဖွဲ့မှ တာဝန်ခံအရာရှိ အနီတာကီကီဂါဘီဟိုက ပြောသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများကို ဆန့်ကျင်တိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်ဟု ယူအင်န်မစ်အဖွဲ့က အလေးအနက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမည်

**တိုကျို မတ် ၃**

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် မတ် ၃ ရက်မှ ၄ ရက်အထိ နှင်းများ ထူထပ်စွာ ကျဆင်းမည်ဖြစ်ကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ဆီးနှင်းကျဆင်းမှုကြောင့် အခြားအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသအရာရှိများက သတိပေးဖော်ပြထားသည်။

တိုဟိုကုဒေသနှင့် တောင်ကုန်းထူထပ်သော ကန်တိုကိုရှင်းဒေသတွင် ဆီးနှင်းများ ပိုမိုထူထပ်စွာ ကျဆင်းမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ဖော်ပြထားသည်။

မတ် ၄ ရက် ညနေပိုင်းအထိ ၂၄ နာရီအတွင်း တိုဟိုကုဒေသ ပစိဖိတ်ဘက်ခြမ်း တောင်ကုန်းထူထပ်သော နေရာများတွင် ဆီးနှင်းများ စင်တီမီတာ ၄၀ ကျော်သည်အထိ ထူထပ်စွာကျဆင်းမည်။

ကန်တိုမြောက်ပိုင်း တောင်ကုန်းထူထပ်သော ဒေသများတွင် ဆီးနှင်းကျဆင်းမှု စင်တီမီတာ ၃၀ အထိရှိမည်။ ကိုရှင်ဒေသတွင် ၁၅ စင်တီမီတာ၊ ကန်တိုမြောက်ပိုင်းတွင် ၁၀ စင်တီမီတာအထိ ကျဆင်းမည်ဖြစ်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

ခန့်မှန်းထားသည်ထက် အပူချိန် ပိုမိုကျဆင်းမည်ဆိုပါက ဆီးနှင်းစုပုံမှုများသည် တိုကျိုမြို့ ၂၃ ရပ်ကွက်လုံး ဖြစ်ပွားမည်ဖြစ်သည်။

နောက်ဆုံး မိုးလေဝသသတင်းအချက်အလက်များကို ဂရုတစိုက်စောင့်ကြည့်ရန် မိုးလေဝသဌာနက ပြည်သူများအား တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

■







## စဉ့်ကူးမြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**စဉ့်ကူး မတ် ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း စဉ့်ကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက ဆောလျင်စွာ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၂၁ ရက်က 33/0.4 KV 315 KVA ထရန်စဖော်မာ တစ်လုံးကို ယာယီတပ်ဆင်ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာ၊ ဆေးရုံနှင့် စာသင်ကျောင်းများကို ကနဦး ဓာတ်အားပေးနိုင်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် 33/11 KV 10 MVA ကွက်သစ်-၂ ပင်မဓာတ်အားခွဲရုံကိုပြုပြင်၍ စဉ့်ကူးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၂ ရက်အထိ စဉ့်ကူးမြို့ပေါ်ရှိ 11KV ဓာတ်အားလိုင်းများ ပြုပြင်ခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ မကြာမီကာလအတွင်း ဓာတ်အားသုံးစွဲသူ မိဘပြည်သူများထံ လျှပ်စစ်ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တင်ဇာလွင် (ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့နယ်အတွင်း နှမ်းစပါးနှင့် နှမ်းသီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေများစတင်ဖြန့်ဝေ

**တောင်တွင်းကြီး မတ် ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ဆည်ရေသောက်စနစ်ဖြင့် နွေစပါးနှင့် နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။



တောင်တွင်းကြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ ဆည်ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းများမှ လယ်ယာမြေ စိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေဆောင်ရွက်ပေးသဖြင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိ စိုက်ပျိုးလျက်ရှိသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ ဆည်ရေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းမှ စတင်ပေးဝေခဲ့သည်။

တောင်တွင်းကြီး မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီတွင် ရန်ပယ်ရေလှောင်တမံမှ နွေစပါး ဧက ၉၅၀၊ နှမ်းနှမ်း ဧက ၅၀ နှင့် ငမင်ရေလှောင်တမံမှ နွေစပါး ဧက ၅၀၊ နှမ်းနှမ်း ဧက ၅၀ စုစုပေါင်းဧက ၁၁၀၀ ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေမည်ဖြစ်သည်။ **နောင်နောင်(ဗိဿနိုးမြေ)**

## ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား ၄၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ



နေပြည်တော် မတ် ၃

ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် နေပြည်တော် အချုပ်ထောင်မှ အကျဉ်းသား ၄၈ ဦးအား ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယမန်နေ့က အကျဉ်းဦးစီးဌာန နေပြည်တော်အချုပ်ထောင် ဧည့်တွေ့ဆောင်၌ ကျင်းပသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် နေပြည်တော် အချုပ်ထောင် တာဝန်ခံတို့က ပြစ်ဒဏ်ကျခံလျက်ရှိသည့် နေပြည်တော် အချုပ်ထောင်မှ အကျဉ်းသား ၃၅ ဦး၊ နေပြည်တော် ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းမှ အကျဉ်းသား ၁၃ ဦး စုစုပေါင်း အကျဉ်းသား ၄၈ ဦးအား ဆုံးမ ဩဝါဒစကား ပြောကြားကြပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား ထောင်လွတ်လက်မှတ်၊ စားစရိတ်နှင့် ခရီးစရိတ်ငွေများပေးအပ်ကာ သက်ဆိုင်ရာ ကားဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား ၇၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



ညောင်ဦး မတ် ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၇၁ ဦးအား ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များ အပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယမန်နေ့က ညောင်ဦးအကျဉ်းထောင် အလုပ်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးက ဆုံးမစကား ပြောကြားပြီး ညောင်ဦးအကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁(၁)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား ထောင်လွတ်လက်မှတ်၊ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးထောက်ခံချက်၊ စားစရိတ်နှင့် ခရီးစရိတ်များပေးအပ်၍ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်ဆောင်မြို့ နောင်ယန်းအင်းပတ်လမ်း ၃၄ မိုင်အနက် နှစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်းမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ပန်ဆောင်မြို့အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ ဒေသခံပြည်သူ ၁၄၃၈၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၂၆ ရက်တို့တွင် မုံရွာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ လျှပ်စစ်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Nissan AD Van တစ်စီး၊ Toyota Succeed တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၉၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၉၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်၊ ၂၆ နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၉၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု

### နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၃ - ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ညောင်ဦးမြို့နယ်၌ နှမ်းစပါးသီးနှံ စိုက်ပျိုးတောင်သူများကို စပါး(ဆင်းသုခမျိုး)များ အခမဲ့ပေးအပ်




ညောင်ဦး မတ် ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ နွေစပါးသီးနှံ စိုက်ပျိုးတောင်သူများအား စပါးမျိုးစေ့(ဆင်းသုခ)ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားကို ညောင်ဦးမြို့ စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ငွေးရီက နွေစပါးစိုက်ပျိုးတောင်သူများ စပါးမျိုးများ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုလယ်ယာဦးစီးမှူးက Drum Seeder ဖြင့် စိုက်ပျိုးရခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ခရိုင်ပိုးမွှားတာဝန်ခံက သီးနှံပင်များ ပိုး/ရောဂါကာကွယ်နှိမ်နင်းမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လက်ပန်ခြေပေါ်အုပ်စုနှင့် အောက်ညဥ့်ကျေးရွာအုပ်စုတို့မှ နွေစပါး စိုက်ပျိုးတောင်သူများအား ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးကိုကိုနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က ဆင်းသုခစပါးမျိုးများကို အခမဲ့ထောက်ပံ့ပေးအပ်သည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် ဇူလိုင် ၉ ရက်က ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် နွေစပါး စိုက်ဧက ၅၄၆၃ ဧက ပျက်စီးခဲ့သဖြင့် လက်ပန်ခြေပေါ်အုပ်စု၊ အထက်ညဥ့်အုပ်စုနှင့် အောက်ညဥ့်အုပ်စုတို့တွင် နွေစပါး ထိခိုက်၊ ပျက်စီးခဲ့သော တောင်သူများအား ထိခိုက်နစ်နာမှုအပေါ် တိုင်းဒေသကြီး ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧက ၅၅ ဧကအတွက် မျိုးစပါး ၈၂ ဒသမ ၅ တင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## ကော့သောင်းမြို့၌ စုပေါင်းကာကွယ် မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ် အသိပညာပေးဟောပြော

ကော့သောင်း မတ် ၃

ကော့သောင်းမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ "စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့မဇ္ဈူသကခန်းမ၌ ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကျန်းမာရေး၊



ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် သက်ရောက်မှုများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ မြန်မာနိုင်ငံတွင် မီးလောင်မှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်မှုအခြေအနေ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်မှုနှင့် ဝန်းကျင်လေထုအခြေအနေ စောင့်ကြည့်လေ့လာခြင်း၊ Fire Hotspot ဖြစ်ပေါ်မှုကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ လယ်ယာထွက် အကြွင်းအကျန်စွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု လျှော့နည်းစေရေး ဆောင်ရွက်လျက်ရှိသည့် နည်းလမ်းများကို ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများအား "မမြင်နိုင်သော လူသတ်သမား PM2.5" အသိပညာပေးဗီဒီယိုမှတ်တမ်းကို ပြသခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက မီးခိုးမြူငွေ့နှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ကော့သောင်းခရိုင် တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Hotspot အရေအတွက်များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့ ထံသို့ ပေးအပ်သည်။

ခရိုင်(ပြန်/ဆက်)

## တမူးမြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်မှုနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ထားမှုစစ်ဆေး



တမူး မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မစည်ပင်သာယာဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို မတ် ၂ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ရေစုကန်များ၊ မီးသတ်ရေငုတ်များနှင့် အရန်မီးသတ်စက်များ ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၏ ဆီမီးလောင်မှုကို ရေစိုအဝတ်၊ မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်မှုနှင့် မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်မှုများကို ကြည့်ရှုခဲ့သည်။

ယင်းနောက် ခရိုင်/မြို့နယ်မီးသတ်စခန်းများရှိ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများနှင့် မြို့ပေါ်ရပ်ကွက်များရှိ မီးငြိမ်းသတ်ရန် သိုလှောင်ထားရှိသည့် ရေကန်များ၊ ရေငုတ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



## လှည်းကူးမြို့မဈေးအတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် မီးဘေးလုံခြုံရေးစစ်ဆေး

လှည်းကူး မတ် ၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်၊ လှည်းကူးမြို့မဈေးအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန်အတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မတ် ၃ ရက်က လှည်းကူးမြို့မဈေး၌ ဆောင်ရွက်သည်။

အဆိုပါ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်မင်းထွန်း ဦးဆောင်၍ စည်ပင်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သွယ်သွယ်ဝင်း ဦးဆောင်၍ ထွေအုပ်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများဖြင့် ဈေးရုံများအတွင်း မီးဘေးလုံခြုံရေး လှည့်လည်စစ်ဆေးအသိပေးခြင်း၊ မီးသတ်ဆေးဘူးထားရှိမှုအား စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုမှုအား လက်တွေ့သုံးစွဲပြသခြင်း၊ မီးချိတ်/မီးကပ်၊ ရေပုံး/သဲပုံးများ ဆောင်ရွက်ထားရှိမှု၊ အပေါ့စားမီးသတ်စက် ဆောင်ရွက်ထားရှိမှု၊ ရေရရှိရေးစီမံဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အိရွှေစင်လတ်(လှည်းကူး)**



## ပခုက္ကူမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်

ပခုက္ကူ မတ် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ဗုဒ္ဓကုန်းဓာတ်အားခွဲရုံ)၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေး မတ် ၂ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ မြို့ရှောင်လမ်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ဗုဒ္ဓကုန်းဓာတ်အားခွဲရုံ)သို့ ကွင်းဆင်း၍ ဓာတ်အားခွဲရုံတာဝန်ရှိသူများ၊ လျှပ်စစ်ဝန်ထမ်းများအား လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းခြင်းလုပ်ငန်းများ အပါအဝင် လျှပ်စစ်ပစ္စည်းများ စနစ်တကျကိုင်တွယ်အသုံးပြုရေး၊ မီးသတ်ဆေးဘူးများနှင့် အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိရေး၊ ရုံးဝင်း အတွင်း၊ အပြင်ရှိအုတ်ရေကန်နှင့်ရေလှောင်ကန်များ၌ ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောကြပြီး လျှပ်စစ်ဝန်ထမ်းများက အရေးပေါ်မီးငြိမ်းသတ်နည်းများ လက်တွေ့လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။ **ဘာမီသာ(ပခုက္ကူ)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်း သည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ၂၀၂၆ ခုနှစ် မတ်လ (ပထမ) (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၁ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၄ ဒီဂရီဖာရင်ဟိုက်မှ ၆၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် ၅၄ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၄ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ဓနုဖြူမြို့နယ်၌ အကြိမ်(၂၀)မြောက် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

**ဓနုဖြူ မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် တပေါင်းလပြည့်နေ့၌ အကြိမ်(၂၀)မြောက် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မတ် ၂ ရက်က ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ဦးဖိုးရွှေ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ဈေးဦးကျောင်းတိုက် ဆရာတော် ဦးသုမနထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သြဝါဒကထာနာယူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က သာသနာရေးရာများ လျှောက်ထား၍ ဆရာတော် သံဃာတော်များအား နဝကမ္မ လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ အစိုးရပထမပြန်စာမေးပွဲအောင် စုစုပေါင်း ၁၃၅ ပါးတို့အား အောင်လက်မှတ်နှင့် အောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ပြီး သာသနာ့ရောင်ခြည်ကျောင်းတိုက် ဆရာတော် ဦးဝေပုလ္လထံမှ ရေစက်ချတရားနာယူကြသည်။

ထို့နောက် အလှူရှင်များက ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ စုစုပေါင်း ၁၈၁ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## သနပ်ပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**သနပ်ပင် မတ် ၃**

သနပ်ပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးငြိမ်းသတ်ယာဉ်များဖြင့် မီးဘေးသရုပ်ပြခြင်းနှင့် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂ ရက်က သနပ်ပင်မြို့နယ် မြို့မဈေးအတွင်း ပြုလုပ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပေါ်ပါက အချိန်တိုအတွင်း အရေးပေါ်ဆောင်ရွက်ရမည့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့်အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်စိုးနှင့်တပ်ဖွဲ့ဝင်များက မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးလုံခြုံရေးအတွက် ပူးပေါင်းပါဝင်သရုပ်ပြလေ့ကျင့်ခြင်းကို ဈေးတာဝန်ခံများ၊ ဈေးဝန်ထမ်းများ၊ ဈေးသူ ဈေးသားများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဘိုင်းဒါးရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ပေးဝေ

**ဒိုက်ဦး မတ် ၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း ဒေသခံတောင်သူများ နွေစပါးနှင့် နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းမှ စတင်ပြီး ဘိုင်းဒါးရေလွှဲဆည်တူးမြောင်းမကြီးမှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးလျက်ရှိရာ တောင်သူများ နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးမှု အဆင်ပြေလျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံးအနေဖြင့် ရာသီအလိုက် နွေစပါးနှင့် နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေ ဖူလုံစွာရရှိစေရေးအတွက် နှစ်စဉ်ဘိုင်းဒါးရေလွှဲဆည်မှ ဆည်ရေများကို ဘိုင်းဒါးတူးမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးရေပေးဝေလျက်ရှိသဖြင့် နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ တောင်သူများ၏ လူမှုစီးပွားရေးများ အဆင်ပြေလျက်ရှိကြောင်း၊ ယခုနှစ်တွင် ဘိုင်းဒါးဆည်ရေသောက်စနစ်အတွင်း နွေစပါးလျာထား ဧက ၁၁၀၀၀ ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်အထိ ၉၁၇၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။



**ပိန်းဇလုပ်(သိန်းညွန့်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အများပြည်သူ ဒုက္ခရောက်စေရန် ခရီးသည်တင် လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၁၁-၃- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/7867 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ရေကြည်ဦး (၁၃) လမ်း၊ D.136နေ ဖခင် ဦးတင်ထွန်း၏သမီး ဒေါ်ခင်ညိုဝင်း ၁၄/ပသန(နိုင်)၂၁၈၂၈၉ နှင့် ဒေါ်ခင်ညိုညိုဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ညိုဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းစုမြို့နယ်၊ ကဘင်းချောင်းကျေးရွာ၊ အထက(ခွဲ) ကဘင်းချောင်းမှ အလယ်တန်းကျောင်းအုပ် ဒေါ်မြင့်စန်း ၆/မမန(နိုင်)၁၃၅၈၁၅ ၏ဖခင် ဦးစောသင်နှင့် ဦးစောတင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောသင်(ခ)စောတင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/1767 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ်-၁၄.ခတ/ဆိပ်ငယ်တောင်ကွင်း၊ မြေကွက်အမှတ် (၂၅)၊ မြေဧရိယာ (၀ ဒသမ ၀၅၃) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၁၀/၁၉၉၇-၁၉၉၈ အရ ဦးရှမ်းဝင်း အမည်ဖြင့် ရရှိခဲ့ပြီး (၈-၃-၂၀၂၅) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ) ဦးစိုးသိမ်း ၆/မအရ(နိုင်)၀၂၇၀၂၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ် (၁၉/၂၀၆)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ ဒေါ်အုံးမြင့် အမည်ပေါက် မြေကွက်အား ဒေါ်ခင်မြင့်ရီ(ဘ)ဦးသားဆွေ ၈/ခမန(နိုင်)၀၀၄၆၇၆မှ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက် ယုဇနအိမ်ရာစီမံကိန်း အပိုင်း(၃)၊ တိုက်အမှတ်-(၈)၊ အခန်းအမှတ်-(၂၀၃)၊ ဒုတိယထပ်၊ ဦးသန်းလင်းအမည်ပေါက် တိုက်ခန်းအား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးမြတ်သောင်းနိုင်(ခ)ဦးရဲထွဋ် (၁၂/ကတတ(နိုင်)၀၂၆၀၉၆)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **အမှတ်(၁၁၄၄)၊ စဝ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊** | **ဦးတင်ထူးလှိုင်** |
| **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** | **အထက်တန်းရှေ့နေ** |
| **ဖုန်း- (၀၉)- ၇၉- ၀၆၇- ၃၀၆၇** | **စဉ်- ၂၄၂၉၂** |

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 20U/1503, DongBen-150 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်း ၁၄/လမန(နိုင်)၀၀၄၀၅၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၄)၊ ဒေသန္တရဆေးရုံလမ်း (ကျောကပ်)၊ မြေကွက်အမှတ် (၈၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသောင်းရွှေ (KWA- ၀၆၁၆၈၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးညီညီအောင် (၅/ခဥန (နိုင်) ၀၅၃၄၅၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးမြတ်သူ (၁၂/လမန (နိုင်) ၁၂၆၁၅၈)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/7279, ယာဉ်လက်ဝယ်ရှိသူ ဦးလှဒင် ၁၂/စခန(နိုင်)၀၁၁၅၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/42796, Luojia-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မြင့် ၁၄/ဘကလ(နိုင်)၂၄၁၇၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 36W/21897, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဦး ၁၁/ဂမန(နိုင်)၀၄၉၈၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

## အများသိရှိနိုင်ပါရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ကြာကန်ကျေးရွာတွင် တည်ရှိသော ကွင်းအမည်-ကြာကန်ရွာကွင်း၊ ကွင်းအမှတ်-၆၃၃၊ ဦးပိုင်အမှတ်-၇၄/၁ ရှိ ဧရိယာ(၂.၄၅)လယ်ယာမြေနှင့် ဦးပိုင်အမှတ်-၇၅/၂ရှိ ဧရိယာ (၂.၃၄) လယ်ယာမြေတို့၏ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ်သည် ဒေါ်မေသန်းထိုက်(ဘ)ဦးဖိုးစိုး (ခ) ဦးဘိုစိုး (၁၂/ပဇတ (နိုင်)၀၁၅၃၀၃) အမည်ဖြင့် လည်းကောင်း၊ ဦးပိုင်အမှတ်- ၇၅/၅ရှိ ဧရိယာ(၇.၀၀)လယ်ယာမြေ၏ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ်သည် ဦးမြင့်စိန် (ဘ)ဦးထွန်းစိန် (၁၂/မဂဒ (နိုင်)၁၃၀၆၁၈) အမည်ဖြင့် လည်းကောင်း ကျောက်တန်းမြို့နယ်မြေစာရင်းမှ ချထားပေးခဲ့သော လယ်ယာမြေများဖြစ်ပါသည်။

အဆိုပါလယ်ယာမြေများ၏ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ် အမည်ပေါက် ထွက်ရှိသူများဖြစ်သော ဦးမြင့်စိန်နှင့် ဒေါ်မေသန်းထိုက်တို့နှစ်ဦးမှ ၎င်းတို့ပိုင်ဆိုင်သည့် အထက်ဖော်ပြပါ လယ်ယာမြေစုစုပေါင်း (၁၁.၇၉)ဧကနှင့် ပတ်သက်၍ မိမိတို့ကသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ လယ်ယာမြေနှင့် ၎င်း၏ လုပ်ပိုင်ခွင့်ပြုလက်မှတ်တို့အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ဖြိုးမေကို (ဘ) ဦးအိုက်ဆန် (၉/ခမစ(နိုင်)၀၁၆၄၂၆) မှ အထက်ဖော်ပြပါလယ်ယာမြေစုစုပေါင်း (၁၁.၇၉)ဧက၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဖြိုးမေကို** | **ဒေါ်သဲဆုဇာခြည်သိမ့်** |

**LL.B.D.B.L,D.I.L, (W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၄၆)**
**အမှတ် (၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၆၉၆၃၆၅၁၊ ၀၉-၄၄၅၉၇၉၁၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (အေ)အင်ကြင်းလမ်း တွင်ရှိသည့် လေးခန်းတွဲ၊ (၅)ထပ် စုပေါင်းအဆောက်အအုံအမှတ်(၁၇)၏ ဒုတိယထပ် (သုံးလွှာ)ရှိ အခန်းအမှတ်(၂၀၃) တိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန်း ဝေ ၇/ပခန(နိုင်)၁၇၃၈၉၀ထံမှ ကျွန်မ ဒေါ်ငင့်ခန့်ကျိန် ၄/ကပလ(နိုင်)၀၀၀၇၉၅ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(ဒေါ်ငင့်ခန့်ကျိန်)**
ဖုန်း-၀၉- ၄၀၀၅၁၂၀၉၀၊ ၀၉- ၄၄၉၇၂၇၀၂၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် (၁-၄-၂၀၂၆ )ရက် မှ ( ၃၁-၃-၂၀၂၇ )ရက်အထိ ပြင်ပပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှု ငှားရမ်းဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ လုံခြုံရေးဝန်ဆောင်မှု ငှားရမ်းဆောင်ရွက်ခြင်းလုပ်ငန်း၏ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင့် အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၃-၃-၂၀၂၆ ရက်(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၁၆-၃ -၂၀၂၆ ရက် (တနင်္လာနေ့ ) ညနေ (၄:၀၀) နာရီ
**တင်ဒါဖွင့်ဖောက်မည့်နေ့ရက်နှင့်အချိန်** - ၁၇- ၃ -၂၀၂၆ ရက် ( အင်္ဂါနေ့ ) မွန်းလွဲ (၂:၀၀) နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၉-၄၂၀၇၃၀၂၁၂**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ ခတ္တာလမ်းနေ မောင်ရဲရင့်အောင်၏ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၃/ ကကရ(နိုင်)၀၆၂၀၃၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) ကျောင်း Grade-11 မှ မတင်ဒေးကျင်နှင့် Grade-10 မှ မယိုယိုတို့၏ ဖခင် ဦးရန်းခိုဟော၏ အမည်မှန်မှာ ဦးရမ်းခိုဟော ၅/ ဟမလ(နိုင်)၀၄၆၆၉၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ (၀.၁၃၉) ဧကရှိ ဒေါ်သီတာ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား ဒေါ်သီတာ(ဘ)ဦးသန်းအောင် ၉/တကန(နိုင်)၀၁၂၇၆၉ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဖြူဖြူဝင်း(ဘ)ဦးတင်အေး ၉/တကန(နိုင်)၀၈၇၁၁၇နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ်(၁၂၅)၊ ဧရိယာ(၀ဒသမ၀၈၀) ဧကအား ဒေါ်ခင်မာဦး (ဘ)ဦးခင်မောင်ဝင်း ၉/ပဘန(နိုင်)၂၉၀၈၁၄ မှ တပ်ကုန်းမြို့နယ်မြေစာရင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၂၆၁/၂၀၂၆ )၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြပြီးအဆောက်အအုံဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ပြီးကြောင်း အများသိစေရန်ကြေညာချက်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ရေတာကြီးကျေးရွာအုပ်စု၊ အုန်းပင်စုကျေးရွာနေ ဒေါ်သန်းထွေး ၁၄/ကကန(နိုင်)၀၁၆၃၁၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်သန်းထွေး(ဘ)ဦးစံမြ ၁၄/ကကန(နိုင်)၀၁၆၃၁၈နှင့် (ဦးမောင်ပဲ(ခ)ဦးမောင်ငယ်)(ဘ)ဦးဖိုးတူး ၁၄/ကကန(နိုင်)၀၁၆၉၈၄ တို့၏ သမီးအလတ်ဖြစ်သူ မစံပယ်လှိုင် ၁၄/ကကန(နိုင်)၁၃၉၄၃၃ မှာ မိဘများအား အကြိမ်ကြိမ်စိတ်ဒုက္ခမျိုးစုံပေး၍ ဆိုးသွမ်းလွန်းသောကြောင့် လွန်ခဲ့သော( ၃၁-၈-၂၀၂၅) ရက်ကတည်းက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရပ်မိရပ်ဖများနှင့် အသိသက်သေ လူကြီးမင်းများ၏ ရှေ့မှောက်တွင် ခံဝန်ကတိဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ရပ်သိရွာသိ အတိအလင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် ၃၁-၈-၂၀၂၅ရက် မှစတင်၍ မစံပယ်လှိုင် ၁၄/ကကန(နိုင်) ၁၃၉၄၃၃ နှင့်ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်မ ဒေါ်သန်းထွေးမှ တာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် ကျွန်မနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအားလုံးတို့မှာငင်းနှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း ငင်းမှာ ကျွန်မ အမွေပြတ်စွန့်လွှတ်ပြီးသော သမီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန်းထွေး(ဘ)ဦးစံမြ** | **ဒေါ်ခင်သက်စုထွေး(LL.B)** |
| **၁၄/ကကန(နိုင်)၀၁၆၃၁၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၉၃)** |
| **အုန်းပင်စုကျေးရွာ** | **အမှတ်(၁၁၁)၊ အရှေ့နှစ်ထောင်တန်(၄)လမ်း၊** |
| **ရေတာကြီးကျေးရွာအုပ်စု** | **ရကအ (၆)၊ ပုသိမ်မြို့** |
| **ကျောင်းကုန်းမြို့နယ်၊ ကျုံပျော်ခရိုင်** | **ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး** |
| **ဧရာဝတီတိုင်းဒေသကြီး** | |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၉၀) ရပ်ကွက်၊ ဇေယျာဝတီလမ်း၊ မြေကွက်အမှတ် (၁၄၅၃) ဟုခေါ်တွင်သော အလျား x အနံပေ (၄၀ x ၆၀)အကျယ်ရှိ ဦးဝင်းခင် အမည်ပေါက် မြေကွက်အနက် ခေါင်းရင်းခြမ်း အလျား x အနံပေ (၂၀ x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသန်းထွဋ်ဝင်း (၁၂/ဒလန(နိုင်)၀၃၇၄၃၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသူအောင် (၁၂/ကခက(နိုင်)၀၉၅၁၁၄) နှင့် ဒေါ်ဖြိုးအိအိငြိမ်း (၁၂/သလန(နိုင်)၁၁၅၂၅၂) တို့က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LLB, DBL, DIPL) (စဉ်- ၁၄၆၆၈)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်း၊ သစ်ဆိမ့်ကုန်းမြို့၊ မြရတနာမြို့သစ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ စံပယ်လမ်း၊ အမှတ်-၁၁၆၀ ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၃၀X၅၀) ရှိသော ခြံမြေအနက် (ခြေရင်းခြမ်း) အကျယ်အဝန်းပေ (၁၆ x ၅၀)ရှိသော ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဦးအေးကြူ အမည်ပေါက် မြေချပါမစ်မိတ္တူနှင့်အတူ တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သန်းအေး (၁၂/မဂဒ(နိုင်)၀၆၁၄၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးဇော် (၁၂/မဂဒ(နိုင်)၀၅၉၀၀၆) က (၂၅- ၅- ၂၀၂၃)ရက်စွဲဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။ ထို့ကြောင့် အထက်ပါ အိမ်ခြံမြေသည် ဦးအေးဇော် တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်သူ၊ ပိုင်ရှင်အမှန် ဖြစ်ကြောင်းနှင့် ၎င်း၏ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦး တစ်ယောက်မှ ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း စသည်တို့အား မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီတရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချို့ဝင်းမာ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၀၉)**
**အမှတ် (၆၈)၊ မကွေးလမ်း၊ (၂၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၉၁)၊ အခန်းအမှတ် (တတိယထပ်)(၄-လွှာ/လက်ဝဲဘက်ခြမ်း/ဘီ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးကိုကို (၁၂/ဗဟန(နိုင်)၀၇၉၆၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဖိုက်လှလှစိုး (၉/စကန(နိုင်)၀၉၂၅၉၅)၊ ဒေါ်နှင်းဝေလွင် (၉/မတရ(နိုင်)၁၇၆၈၉၄)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ် ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ (၉) လမ်း၊ အမှတ်(၁/A)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ထမ်းအမှတ်-၀၃၃၄၂၇၉၄၊ အခွန်ထမ်းအမည်-ဒေါ်ချစ်ချစ်အေး အမည်ပေါက်သော အကျယ်အဝန်း (၁၇x၇၅) ပေရှိ မြေကွက်နှင့်နေအိမ်ကို အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု ကမ်းလှမ်းလာသူ ကွယ်လွန်သူ ဒေါ်ချစ်ချစ်အေး၏ခင်ပွန်းဖြစ်သော ဦးထွန်းအေး (၁၂/မဂဒ(နိုင်)၀၅၆၈၂၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့် (၁၂/လကန(နိုင်)၀၁၄၁၀၉)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့် (၁၂/လကန(နိုင်)၀၁၄၁၀၉)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသဲမောင်ကြည် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ် (၂၆၁)၊ စံပယ်လမ်း (၃/က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၇၆၈၉၄၄၊ ၀၉-၄၄၀၂၆၇၉၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပိတောက်လမ်း၊ ပေါက်ကုန်းရပ်ကွက်၊ အမှတ်(၉၇)ဟုခေါ်တွင်သော (ခေါင်းရင်းဘက်ခြမ်း)ရှိ အရှေ့ဘက်အလျား(၂၃)ပေ၊ အနောက်ဘက်အလျား(၂၁)ပေ၊ ခေါင်းရင်းအနံ(၂၂)ပေ၊ ခြေရင်းအနံ(၂၇)ပေ အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်ခွဲတိုက်၊ ရေ၊ မီး၊ အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းထွေး (၁၀/ဘလန(နိုင်)၀၈၉၅၃၇)ထံမှ ကျွန်မ ဒေါ်ခင်နှင်းနွယ် (၁၂/မဂဒ(နိုင်)၀၃၃၅၈၆)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာ တမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်မထံသို့လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှင်းနွယ်**
**အမှတ် (၂၃)၊ သဇင်လမ်း၊ အပိုင်(၁၆)၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၈၈၁၄၀၁၃၁**

FAME Appletec®
Quercetin 100
ပန်းသီးဆေး
TMR 008206 (0127)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
Ph: 09-95 500 5000

FAME Resveratrol
Cellular Energy Booster
စပျစ်သီးဆေး
TMR 013019 (0127)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
Ph: 09-95 500 5000

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ မြေကွက်အမှတ် (၃၀၈၇) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်လွင်ငြိမ်း (SGG-၁၀၅၇၂၄) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဟန်ဇော်ထွန်း (၁၂/သဃက(နိုင်)၁၆၂၃၁၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းထွေး (၁၂/ဒဂတ(နိုင်)၀၄၇၄၇၀) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉ ၇၇၂၇၇၇၇၁၂၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၃၀၀၂၁၁၇**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

နမ့်ခမ်းမြို့၊ ပေါက်နေရပ်၊ အမှတ် (၈) ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းယိန်းနောင့် (၁/မစန(နိုင်)၀၂၉၈၃၉) နှင့် နမ့်ခမ်းမြို့ပေါက်နေရပ်၊ အမှတ်(၈)ရက်ကွက်နေ ဦးဟန်ဝင်း (၁/မစန(နိုင်)၀၂၉၇၀၈)တို့သည် မိမိတို့၏ လွတ်လပ်သောဆန္ဒအရ (၂၅-၂-၂၀၂၆)ရက်တွင် ရှမ်းပြည်နယ်တရားလွှတ်တော်ရုံး၌ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် နောက်နောင်တွင် ဦးဟန်ဝင်းနှင့်ပတ်သတ်သည့် လူမှုရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ မည်သည့်ကိစ္စရပ်များနှင့်မျှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းယိန်းနောင့်နှင့် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းယိန်းနောင့်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးရတနာဦး (LL.B) (DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၃၉/၂၀၂၁)**
**အမှတ် (၀တ-၁၇၅)၊ စံပယ်လမ်းသွယ်၊ နမ-၇၊ ကျောင်းကြီးစုရပ်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၂၆၂၈၈၈၉၃၂၊ ၀၉-၉၇၅၇၅၇၂၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/7299, TOYOTA CROWN GR S2 10, SALOON (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစန္ဒာသိန်း ၁၂/ တတန(နိုင်) ၂၁၂၃၁၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၅၀၈၆၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/4938 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၀၇၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၁၅၂၈၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ် (၁၉၆/၂)နေ ဒေါ်တင်တင်မွှန်း (၁၂/ဥကတ(နိုင်)၁၀၀၉၀၀) (ဘ) ဦးအောင်မြင့်၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာ သည်မှာ -

ကျွန်ုပ်အမှုသည် ဒေါ်တင်တင်မွှန်းသည် အပျိုကြီးတစ်ဦးဖြစ်သောကြောင့် (၂၅-၁၁-၂၀၁၆)ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ မောင်မျိုးဇော်ဦး (ဘ) ဦးခင်မောင်တင် (၅/ဘတလ(နိုင်)၀၅၅၉၇၀)ကို "အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်" ဖြင့် မွေးစားခဲ့ပြီး မောင်မျိုးဇော်ဦးသည် ကျွန်ုပ်အမှုသည်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ခဲ့သောကြောင့်လည်းကောင်း၊ ခွင့်မလွှတ်နိုင်သော လုပ်ရပ်များကို ဆောင်ရွက်ခဲ့သောကြောင့်လည်းကောင်း စသည့်ကိစ္စရပ်များကို ပြုမူဆောင်ရွက်ခဲ့သောကြောင့် (၂၇-၁-၂၀၂၆) ရက်တွင် "နှစ်ဦးနှစ်ဖက်သဘောတူ မွေးစားစာချုပ်ဖျက်သိမ်းခြင်း ကတိစာချုပ်" ချုပ်ဆိုခဲ့ပြီး အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်ကို ကျွန်ုပ်အမှုသည်မှာ အပြီးအပိုင်ပယ်ဖျက်လိုက်ကြောင်းနှင့် မောင်မျိုးဇော်ဦးအား ကိတ္တိမသားအဖြစ်မှ အပြီးအပိုင်ပယ်ဖျက်လိုက်ပြီးဖြစ်ပါသည်။ ထိုသို့ ကိတ္တိမသားအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်သည့်အတွက် ကျွန်ုပ်၏အမှုသည် ပိုင်ဆိုင်မှုများနှင့်လည်း သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် မောင်မျိုးဇော်ဦးနှင့်ပတ်သက်၍ နောက်နောင်မည်သည့်ကိစ္စရပ်များကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မွှန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဖြူဖွေးသန့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၀၁)**
**အမှတ် (၇၉-C/D)၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၂၅၀၁၅၀၇၄၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ် (၂၁) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၁/ထီးနီကုန်း၊ ဦးပိုင်အမှတ် (မ-၁/၃၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဦးအေးချမ်းအောင်၊ ဒေါ်ခင်ငြိမ်းငြိမ်းဝင်းမှ မြေငှားဂရန်အသစ် လာရောက်လျှောက် ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန ၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/47601, SPRINTER-125, M/C ယာဉ်လက်ဝယ်ရှိသူ Hein Hein Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သရက်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

